


www.burmeseclassic.com
စိုးမိုး စာပေ
BURMESE CLASSIC
တေးဆိုချော့သူ
L လင်း
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၀၆၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၇၉၀၄၀၉
အဖုံးဒီဇိုင်း - Lလင်း
ထုတ်ဝေသူ - ဒေါ်နီးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
အတွင်းဖလင် - ဦးဆွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဆွေ
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ် မေလ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၁ - ၈၃
ဝန်းသီနိုင်
တေးဆိုချော့သူ / ဝန်းသီနိုင်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၉
၂၁၆ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) တေးဆိုချော့သူ



မိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သူစကားနှင့်သူ ချောင်ပိတ်ပြီး ဘယ်လိုလုပ်ရပါ့။ သည်တစ်ခုကိုတော့ သူက အောက်ကျနောက်ကျနှင့်ပဲ ပြောရ ပြောရ ရအောင်တောင်းဆိုတော့မည့် ပုံစံလေး။

နိုင်သန့်ရှင်း သက်ပြင်းရှိုက်မိပါသည်၊

သူ့ဘက်ကလည်း သူဖွင့်ထားသော ရက်စတောရင့်မှာ စူးကို သီချင်းဆိုခိုင်းဖို့ဆိုတာ ဘယ်အချိန် ပြန်တွေးတွေး ဖြစ်ကို မဖြစ်နိုင်ပေ။

စူးလို ချစ်စရာကောင်းလွန်းသည့် ကောင်မလေးကို သူက ဘယ်လိုလုပ်ပြီး စိတ်ချနိုင်မှာလဲ။ သေချာတွေးကြည့်လေ ပိုမိုမဖြစ်နိုင်လေ။

စိုးမိုး - တပေ

www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာပဲနေပါလား စူးရယ်"

"ကိုရှင်း မသိဘူးနော်၊ အိမ်မှာ လူပိုကြီးအဖြစ် နေရတာ ဘယ်လောက် ငြီးငွေ့စရာကောင်းသလဲဆိုတာ စူး အလုပ်တစ်ခုခု လုပ်ပြီး စူးဘဝကို ပြောင်းလဲပစ်ချင်တယ်၊ စူးကို ကူညီပါ"

"ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လာမှာစိုးတယ်"

"ရှင်းအောင်နေရင် ရပါတယ်"

သည်ကိစ္စကို အလွန်အမင်း ခွဲကြီးနေတာ မြင်ရတော့ ဘယ်လိုမှ ခွင့်မပြုနိုင်သည့်ကြားမှပင် လိုက်လျောချင်စိတ်တောင် ပေါက်လာရသည်အထိ။

သူမအကြည့်လေးတွေကလိုက်လျောချင်စရာ။ ပြည့်ဆည်းပေးချင်စရာလေးပါ။ ငြင်းရက်စရာမရှိ။

"အင်းလေ ကျွန်တော် လေးငါးဆယ်ရက်တော့ အချိန်ယူပါရစေဦး"

"အင်း"

စူးက အင်မတန်မှ စိတ်ချမ်းသာသွားပုံ။





"စူး ပျော်လိုက်တာ တကယ်ပါပဲ၊ စူး ဆိုပါရစေ ကိုရှင်းရယ်၊ အဲဒီဆန္ဒဟာ စူးဘဝအတွက် တစ်ခုတည်းသော အလင်းရောင်ပါ၊ စူး သိပ်ဆိုချင်ပါတယ်"

"စူးက မိန်းကလေးမဟုတ်လား၊ မေမေကလည်း ကြိုက်မှာမဟုတ်ဘူး၊ မယုံရင် မြေကြည့်ပါလား"

နိုင်သန့်ရှင်းက မေမေ့ကို စစ်ကူယူမိသည်။ မေမေလည်းပဲ သူနှင့် တစ်သဘောတည်း ရှိလိမ့်မည်ဟု သိထားသည်။

"မေမေက ဘာကိုမကြိုက်ရမှာလဲ သားရယ်"

ဝရန်တာပေါ် တက်လာသော မေမေက တစ်စွန်းတစ်စ ကြားသွားပြီး မေးလေသည်။ နိုင်သန့်ရှင်းက မေမေရောက်လာတော့ အားတက်သွားမိကာ

"စူးက နေကြာမှာ သီချင်းဆိုမလို့တဲ့ မေမေ၊ အဲဒါ စွတ်ပူဆာနေတယ်"

"နေကြာ" ဆိုတာ သူတို့ပိုင်သော စားသောက်ဆိုင်၏ အမည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခင်မမက ထွန်းကို မျက်လုံးအပြူးသားနှင့် ကြည့်ကာ ရင်ဘတ်ဖိလေသည်။ ကြားလိုက်ရတာကိုပင် အတော်ဖွံ့ဖြိုးတုန်လှုပ်သွားပုံ။

သွားပါပြီ။ ထွန်း အကြီးအကျယ် စိတ်ခုတ်ကျသွား၏။ ခေါ်ခင်မမဟန်ပန်က သဘောတူလိုက်လျော့ဖို့ ဝေးစွ။ စကားအဖြစ်ပြောလိုက်တာကိုပင် မကြိုက်ချင်။

"မဟုတ်တာ သမီးရယ်"တဲ့။

ထွန်းက ပခုံးလေးတစ်ချက်မြှင့်ကာ ပင့်သက်ရှိုက်သည်။ လူကြီးသူမတွေကတော့ ဒါမျိုးကို အလွယ်တကူ ခွင့်ပေးလက်ခံမတဲ့လား။

နောက်တော့လည်း ထွန်းက ရိုးသားစွာအလုပ်လုပ်လိုခြင်းဆိုတာကို နားလည်သွားနိုင်သည်ပဲ။

နိုင်သန့်ရှင်းကို ထွန်း မျက်စောင်းရွယ်လိုက်၏။ သူ တမင် ထွန်းကို အန်တီနှင့် တွေ့ပေးလိုက်တာပါပဲ။ သူကတော့ အသာက လေး ရှောင်ထွက်သွားသည်။





လှလည်း အရုပ်၊ စိတ်ရုပ်၊ နှုတ်ခမ်းလေးကိုက်ကာ ထွန်း မကျေနပ်ချင်။

မကျေချမ်း ကြည့်လိုက်တော့ မျက်လုံးစူးစူးကလေးတွေကို နားလည်စွာ သူ ပခုံးတွန့်၏။ တောင်းတောင်းပန်ပန်လည်း ရယ်ပြဖြစ်သည်။

သူ့ကို တကယ်စိတ်ဆိုးသွားမှာ စိုးလှပါသည်။ စိတ်မချလွန်းလို့ မလိုက်လျောနိုင်တာကို စူးကလေး သိဝါစေဟု ဆုတောင်းနေဖြစ်သည်။

"သမီးဝါသနာပါတယ်၊ သိပ်ဆိုချင်တယ်ဆိုရင် အန်တီက စီးရီးထုတ်ပေးမှာပေါ့၊ ဒီလို အပင်ပန်းခံစရာ မလိုပါဘူး"

အန်တီပြောလာသော နောက်ဆက်တွဲ စကားကြောင့် ထွန်း ဘယ်လိုဖြစ်သွားသည်မသိ။ နိုင်သန့်ရှင်းရင်ထဲမှာ တစ်မျိုးကြီး လှုပ်ခါသွားရလေသည်။

မေမေက ညီမလေးနှင့်တူသော စူးကို သည်လောက်အထိ ပုံအောချစ်သွားခဲ့ပြီပဲ။ သူကလေးဆန္ဒဆို ဘာမဆို ဖြည့်စွမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပေးမည်ဟု ဆုံးဖြတ်ထားရှာသလား။

စူးမျက်နှာကို လှမ်းကြည့်မိသည်။ စူးက နှုတ်ခမ်းလေး တဆတ်ဆတ်တုန်ကာ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျနေသည်။

သူမရင်ထဲမှာ ဘယ်လောက်အထိ ကြည်နူးသွားလိုက်မလဲ။

"ငိုစရာလား သမီးရယ်၊ တိတ် တိတ်၊ ကြည့်စမ်း ဒီလောက်တောင် ဝမ်းသာသွားရသလား၊ သမီးဝါသနာဒီလောက်ကြီးမှန်း မသိပါဘူးကွယ်"

မေမေက စူးကို နှစ်သိမ့်ချော့မော့သည်။ မေမေ့အသံမှာလည်း ကြေကွဲဝမ်းသာမှုတစ်မျိုး ပျော်ဝင်နေလေသည်။

"သမီး သီချင်းဆိုဖြစ်အောင် အန်တီ လုပ်ပေးပါ့မယ်၊ နေကြာမှာ ဆိုဖို့တော့ လက်လျှော့လိုက်ပါ၊ အန်တီစိတ်မချဘူးကွယ်"

ထွဋ် ဘာပြန်စကားပင် မဆိုနိုင်။ လည်ချောင်းတစ်လျှောက် တစ်ခုခုနင်နေသလိုရှိပြီး ရင်ထဲမှာ တလှပ်လှပ်ရှိလှသည်။





မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာ လူတစ်ယောက်က ခုလောက်အထိ ကံကောင်းနိုင်သလား။ အံ့ဩစရာ။

ယုံရခက်ခက်နှင့် စေတနာကြီး ဖြစ်နေရသည်။ စောစော လေးကပဲ ရက်စေ့တော့ရင်မှာ သီချင်းဆိုပါရစေဟု ထွဋ်က အငမ်းမရ နှုတ်ပြောနေရတာ၊ ဆယ်မိနစ်ပင်မခြားဘဲ စီးရီးထုတ်ပေးမည်ဟု ဆိုလာသူရှိခဲ့ပြီ။

ထိုလူကလည်း နှုတ်ဖျားလေးက ပြီးစလွယ်ပြောပြီး မေ့လျော့ထားမည့်သူမဟုတ်။ အန်တီခင်မမမို့ ထွဋ်က အကြွင်းမဲ့ ယုံကြည်မိလေသည်။

"မေမေ စူးက အစွဲအလမ်းကြီးတာနော်၊ မေမေ တကယ် ခွင့်ပြုနိုင်မှပြော"

နိုင်သန့်ရှင်းက သူမခင်ကို ဝင်ပခုံးတား သတိပေးမိသည်။ သို့ပေမယ့် အရာမရောက်နိုင်တော့ပေ။

မေမေက နှုတ်ကျံခဲ့ပြီးသား။ ပြန်ရုပ်သိမ်းရန် မလွယ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရှင်းနော် လိုက်မဖျက်နဲ့"

သည့်ကိစ္စကို သူသဘောမကျတာ ထွေး တိတိကျကျသိသည်။ အန်တီကသာ သူနှင့် အရင်တိုင်ပင်လျှင် ထိုစကား ထွေးဆီ မရောက်ခင် သူ ဖျက်ချပစ်မှာပါပဲ။

ခုတော့ ထွေး၏ ဖြစ်ချင်စိတ်ကလေးကို မြင်တွေ့သိရှိရ ချိန်မှာ အန်တီက ဖြည့်ဆွမ်းပေးချင်စိတ် တစ်ခုတည်းနှင့် ကတိပေး လိုက်တာပါ။ နိုင်သန့်ရှင်း ဘာမှမတတ်နိုင်။

"မေမေ စုံတစ်ယောက်တည်း ဖြစ်မှာမဟုတ်ဘူး၊ နေရာ တကာ တကောက်ကောက်လိုက်နေရမှာ၊ စဉ်းစားဦး"

"ကိုရှင်း"

ထွေးက သည်းမခံနိုင်တော့ဘဲ အော်ပစ်လေသည်။ ဒေါ်ခင်မကောတော့ အရယ်မဖျက်အပြုံးမပျက်။ ထွေးသနှကို လိုက် လျောဖို့ ယတိပြတ် ဆုံးဖြတ်ပြီးပုံ။

"မေမေနော် နောက်မှခက်မယ်"

နိုင်သန့်ရှင်းက မျက်နှာကြီး စုပုပ်ပြောလာ၏။ ထွေး





ရယ်ချင်သည်။ ရယ်နိုင်စွမ်းလည်း ရှိခဲ့ပြီ။ အန်တီက ထွေးဘက် မှာ မဟုတ်လား။

"အဟင်း ကိုရှင်း မကျေညီလည်းရတယ်သိလား"

သူ့ကို ကလိသလိုလို ခနဲ့သလိုလို ပြောလာသည်မို့ သူမ ကို စူးစူးစည်းစည်း ကြည့်လိုက်မိ၏။

ဖြန်းခနဲ အရယ်ရပ်တန့်ကာ ထွေးရင်ထဲ တိမ်းမူးရှုပ်ရှား သွားရလေသည်။ သူ့မျက်လုံးတွေက ထွေး တစ်ကိုယ်လုံးကို ဆွဲယူ သိမ်းပိုက်နိုင်သလို ညှို့အားရှိလေသည်။

ရင်ထဲမှာ တဒိတ်ဒိတ်နှင့် ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ ကပျာကယာ မျက်လွှာချကာ သတိမြဲအောင် ကြိုးစားရသည်။

မွှန်းကျပ်ကျပ်ကြီး ရှိလှတာမို့ အသက်ကို အားပါးတရ ရှူရှိုက်မိပါသည်။

ဘုရားရေ…သူ့ရဲ့ ညှို့မျက်ဝန်း အကြည့်တွေမှာ ထွေး လန့်လန့်ဖျပ်ဖျပ်နှင့် အသက်ရှူရခက်ဘဲ အောင့်ထားမိပါရောလား။

နှုတ်ခမ်းတွေပင် ခြောက်သွေ့လာသလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ဒီလောက်ဆိုချင်နေတာ ဆိုပါစေကွယ်"

ကန့်ကွက်ချင်သော သူ့သဘောကို မေမေက ရိပ်မိလေသည်မို့ သူ့ကို နှစ်သိမ့်လာ၏။

နိုင်သန့်ရှင်းက သူမဆီမှ အကြည့်လွှဲကာ ခပ်လှမ်းလှမ်းသို့ လျှောက်သွားပြီး တစ်ယောက်တည်း ရပ်နေမိလေသည်။

သူ့ကို တအံ့တသြလေး မော့်ကြည့်ပုံက သူ့ရင်ထဲအထိ ထိုးဖောက်ဝင်ရောက်သွားသလို ရှိလေသည်မို့ တော်တော်နှင့် အကြည့်မလွှဲနိုင်ဘဲ တွယ်ငြိနေမိသည်။

သူဘယ်လိုဖြစ်သွားပါလိမ့်။

ပြန်လည်ဆန်းစစ်ကြည့်တော့ ရင်ထဲမှာ နွေးထွေးတိမ်မူးလာရသည်။

"ဟူး"

သက်ပြင်းမောတစ်ချက်ကို လေးတွဲစွာချမိ၏။

သူတို့နှစ်ယောက်၏ လွှဲဖယ်မရအောင် ချိတ်ဆက်တွယ်ငြိမိသော မျက်လုံးများကို မေမေ အကဲခတ်နားလည်သွားပြီလား။





ရိပ်မိပြီလား။

နိုင်သန့်ရှင်း ခပ်ရှက်ရှက် တွေးမိလေသည်။

"စူး သွားအိပ်တော့မယ် အန်တီ"

စူးကမိန်းကလေးမို့ ရှက်စိတ်မွှန်ကာ ရှောင်ထွက်ဖို့ ဦးဆုံး ကြိုးစားလေသည်။

"အေးကွယ် အေး အေး"

မေမေလည်း မတားမြစ်ပါ။ စူးအနေခက်မှာ စိုးလှသည်။

စူးက သူ့ဆီ တစ်ချက်မှ လှမ်းမကြည့်ဘဲ ခေါင်းငုံ့မျက်လွှာချကာ ဆင်းလာခဲ့သည်။

ထွဋ် နှလုံးသားတွေ ဘာလို့ သည်လောက်လွယ်လွယ် တိမ်းမူးလှုပ်ရှားသွားရသလားကွယ်။

ခက်လိုက်တာ။

ရင်ထဲမှာ ခုထက်ထိ နွေးရှရှ လိုက်ခုန်နေတုန်း။ ရှက်စနိုး ပြုံးကာ အခန်းထဲဝင်လာပြီး အိပ်ရာပေါ် လှဲချသည်။

ပျော်သလိုလို၊ ရယ်ချင်သလိုလို၊ ရှက်သလိုလို။



www.burmeseclassic.com


www.burmeseclassic.com



ရောပြွမ်းနေသော ခံစားမှုက ရင်တစ်ခုလုံးကို မွှေနှောက်ပြောင်းဆန်နေလေသည်။

ထွင်ရှ တစ်ခါမှ အဲသည်လိုတွေ မခံစားခဲ့ဖူးတာ သေချာလှပါသည်။

× × × ×







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

မနက်အစောကြီးနိုးလာတာမို့ ထွင့်က အန်တီခင်မမနှင့် မနက်စာအတွက် ဝိုင်းဝန်းကူညီပေးမိပါသည်။

အန်တီခင်မမက ပေါင်မုန့်ကို စက်ကလေးထဲထည့်ပြီး အိုးကြိုင်ကာ စားချင်စဖွယ်ဖြစ်အောင် စီမံပြုလုပ်နေသည်။ ချိ(စ်) ညှပ်ထားသော ပေါင်မုန့်ပူပူကြွပ်ကြွပ်ကလေးက တကယ့်ကို အရသာရှိလျက်။

"အန်တီက သိပ်တော်တာပဲနော်၊ အရမ်းစားလို့ကောင်းတာပဲ"

စိတ်ထဲရှိသလို ဆိုမိသည်။ အန်တီသေးမှာ ကူညီတာက



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း ဟိုဟာလေးမြည်းလိုက် သည့်ဟာလေးစားလိုက် လုပ်နေတာက များများ။

"ဒါ ဘာများခက်လို့လဲ သမီးရဲ့"

အန်တီကလည်း ထွင့်သားနားလာပြီး ရှုပ်နေတာကိုပဲ အင်မတန်မှ သဘောကျနေပုံ။

"အစကတည်းက စူး အန်တီ့သမီးဖြစ်ရင် သိပ်ကောင်းမှာပဲ"

ရင်ထဲရှိနေတာလေးက နှုတ်ဖျားကနေ ခုန်ပေါက်ထွက်ကျလာသည်။ အန်တီခင်မမက ကော်ဖီဖျော်ဖို့ ပြင်ဆင်နေရာမှ ရုတ်တန့်လျက် စူးဘက်ငဲ့ကာ ကြည့်လာသည်။

"အခုလည်း အန်တီ့သမီးပဲ"

မျက်နှာလေးငယ်နေသော စူးကိုကြည့်ကာ ဒေါ်ခင်မမ ရင်ထဲမကောင်းလှ။ အားပေးစကားကို ချက်ချင်းဆိုမိလေသည်။

သူကလေးစိတ်ထဲ ဘယ်လိုအားငယ်မှုမှ ကိန်းဝပ်မနေစေချင်။ ပျော်ရွှင်ကျေနပ်နေတာလေးကိုပဲ အမြဲမြင်ချင်လှသည်။





"စူး ပြန်တောင်မပြန်ချင်တော့ဘူး"

ထွင့်အသံလေးက ငိုသံတစ်ဝက် စွက်နေခဲ့ပြီ။ သည်ကနေ ပြန်ရမည့်အချိန်သည် လှပသော အိပ်မက်တစ်ခု လန့်နိုးရမည့်အချိန်နှင့် အလားသဏ္ဍာန်တူလှစွာ ထွင့် စိတ်ကို နှောင့်ယှက်နေပါသည်။ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်ကျေနပ်သမျှသည် တစ်ပတ်ပြည့်သောအချိန်မှာ သူ့အလိုအလျောက် ရုပ်တန့်ပျောက်ဆုံးရသည်။ ထွင့်အဖြစ်ကလည်း ဆိုးရွားလွန်းလှပါဘိ။

"အန်တီကလည်း မပြန်စေချင်ပါဘူး၊ ခဏတော့ သည်းခံလိုက်ပါသမီးရယ်၊ မမမြိုင်ကို အန်တီရအောင် ပြောပါ့မယ်"

ထွင့် စကားတွေကြောင့် အန်တီ စိတ်မချမ်းမသာ ဖြစ်သွားရတာကို မှောင်တရမိပါသည်။ ချက်ချင်းပဲ ဟန်ဆောင်ပြုံးလိုက်မိရင်း...

"အင်း စူး နေနိုင်ပါတယ် အန်တီရဲ့"

ဟု ပေါ့ပေါ့ပါးပါး ဆိုမိသည်။ အန်တီ့ကိုလည်းပဲ စိတ်မထိခိုက်စေချင်ပါ။ ထွင့် ရင်ထဲက ဓေတနာအမှန်ကို ထွင့်ပဲသိပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"သူတို့ကလည်း သိပ်ဆိုးဆိုးရွားရွားမဟုတ်ပါဘူး အန်တီ"

ထွန်း၏ဖာထေးသော စကားလေးများကို ဒေါ်ခင်မမက ရင်နာနာနှင့် နားထောင်နေရသည်။

ဘယ်လိုကြောင့်ရယ်မသိ သူကလေးရင်ထဲကို ဒေါ်ခင်မမ ဟင်းလင်းပွင့် မြင်နေရသည်။ သိနေသည်။

နှလုံးသားချင်းက မမြင်ရသော ကြိုးတစ်ချောင်းနှင့် ဆက်သွယ်ထားသလို နှုတ်များက ဖွင့်မပြောလည်းဘဲ အလို အလျောက် သိနေသည်။

"မနက်ဖြန်ဆို စူး ပြန်ရတော့မှာ အန်တီရဲ့"

သူများအိမ်က ခေါ်ယူမွေးစားထားသော ကောင်မလေးကို ချက်ချင်းကြီး ယူထားလိုက်ဖို့ရာ ဘယ်လိုမှမဖြစ်နိုင်။ ဒေါ်မြိုင်မြိုင်ခ တို့ ကျေနပ်သဘောတူမှသာ။

ဒေါ်ခင်မမ ဘာလုပ်ပေးရမှန်းကို မသိတော့ပေ။ ကိုယ့်





ချက်ခြင်းကနေ ထိုကလေးမကို အပျောက်မခံနိုင်။ သူကလေး ပြန်သွားလျှင် ခင်မမ ဘယ်လိုကျန်ရစ်ခဲ့ရမလဲ။

ထွန်းက ဒေါ်ခင်မမခါးကို နောက်ဘက်မှ ဖက်တွယ်ထား သက် ကျောပြင်မှာ ပါးလေးကပ်ထားမိသည်။

အန်တီခင်မမနှင့် မခွဲချင်ပါ။ အန်တီခင်မမ၏ အရိပ်သည် ထွန်းအတွက် လုံခြုံအေးမြလွန်းလှသည်။ နွေးထွေးလိုက်လှဲလွန်းလှ သည်။

ဘာကြောင့်မှန်းမသိ ဒေါ်ခင်မမကို ထွန်း ချစ်မိလေသည်။

မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်လျက် မြင်ရသော မြင်ကွင်းတစ်ခုမှာ ရုပ်တန်ဆေးမော အငိုက်မိသွားရသူက နိုင်သန့် ရှင်း။

အထူးသဖြင့် ထွန်း ပြန်သွားလျှင် ရင်ဆိုင်မည့်အနေအထား ကို ကြိုသိထားသော သူ့အတွက်တော့ သည်မြင်ကွင်းဟာ ရင်နှင့် ရောကောင်းလှသလို သူ့ဆုံးဖြတ်ချက်ကိုလည်း ပိုပြီးပိုင်ပိုင်နိုင်နိုင် ဖြစ်စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စူးကို သူပြန်မပို့နိုင်ပါ။ ဘယ်အချိန်တွေးတွေး သေချာလှသည်။ သူရပ်နေတာကို မေမေက မြင်သွားသောအခါ စူးကို တစ်ခုခုပြောလိုက်ပုံရယ်။ စူးက ကျောမှာကပ်ထားသော မျက်နှာလေးအသာမကာ မျက်လုံးလေး ထောင့်ကပ်ပြီး သူ့ကိုခိုးကြည့်လာ၏။ ပြီးတော့ အသံမထွက်ဘဲ တစ်ခုခုရေရွတ်လိုက်တာ သိသည်။

"သားက မနာလိုဖြစ်နေပြီ သမီးရဲ့"

စူး စွပ်စွဲချက်ကို မဖြေရှင်းဘဲ ကျေနပ်စွာ ရယ်နေဖြစ်သည်။ ဟုတ်ပါသည်။ ပုပ်စပ်စွာ မနာလိုစွာ လိုက်လံတားဆီး ဝိတ်ပင်နေတာသည် နှလုံးသားက သူမကို စိတ်မချနိုင်ခြင်း တစ်ခုတည်းကြောင့်ပါ။ ကိုယ့်ကွယ်ရာမှာ လူတကာ ဝိုင်းကြည့်အားပေးရေ မည့်အဖြစ်ကို သူ့နှလုံးသားက ခံနိုင်ရည်မရှိပါ။

မေမေ သူမကို ချစ်နေတာကိုမြင့် သူက မနာလိုဖြစ်မို့ဖေး၊ ၈ အကျေနပ်ကြီး ကျေနပ်နေသူပါ။ ညီမလေးနှင့်တူသော ကောင်မလေးမို့ စတွေ့ကတည်းက တရင်းတနှီး ကျွမ်းဝင်လှသည်။ နည်းနည်းမှ စိမ်းသက်မနေ။ သူကလေးကသာ တင်းမာခဲ့စွာ





ဆက်ဆံခဲ့တာ။

ဒါကိုလည်း သူ့ စိတ်မဆိုး ဗွေမယူရက်ပေ။ ခွင့်လွှတ်ပေးနိုင်ခဲ့ပါသည်။

"မေမေ သတိထားဦး၊ ဘာလို့ချွဲနေမှန်း လေ့လာအကဲခတ်ဦး"

သူ့စကားကို ထွဋ်က မကျေနပ်ပါ။ ထွဋ် မကျေနပ်အောင် ပြောလိုက်ရတာကို သူပျော်သည်။ ဒေါသဖြစ်သွားသော မျက်လုံးလေးတွေကို ခပ်ကြာကြာ ကြည့်နေမိ၏။

ထွဋ်က

"ဟွန်း"

ဟု ရေရွတ်မျက်စောင်းရွယ်ကာ တစ်ဖက်လှည့်သွားလေသည်။

သူ့ရင်ထဲ တရှိန်းရှိန်း နွေးလာ၏။ ထွဋ်ကို ကောက်ယူ ဗွေ့ချီပွေ့ယမ်း ပစ်လိုက်ချင်တော့သည်။

"သားရေ မကြာခင်နော်၊ မုန့်စားရအောင်၊ ဒီမှာအခေါ်သင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ”

“ဟုတ်ကဲ့”

မေမေက သူ့ကို သတိပေးစကားဆို၏။ လူနှင့်စိတ်နှင့် မကပ်ဘဲ အတွေးတွေ လွင့်နေတတ်တာကို မေမေ သိနေရော့သလား။

“သမီး ကော်ဖီကို ဓာတ်ဗူးထဲထည့်၊ အပူလောင်မယ် နော်၊ အန်တီ အပေါ်ခဏတက်ဦးမယ်”

“ဟုတ်ကဲ့ပါ”

အန်တီတယ်ဦးမောင်ကို သွားနှိုးတော့မှာ ထွန့် သိပါသည်။ ကျေနပ်စွာပြုံးမိပြီးမှ ထွန့် သတိပြုမိသွားရလေသည်။

သည်အိမ်ကိုရောက်လာမှ ထွန့်အပြုံးတွေဟာ အင်မတန် လတ်ဆတ်ပေါ့ပါးလွန်းလှပါရော့လား။ ထွန့် ရင်ထဲမှာလည်း ဘယ်လိုဝေဒနာမှမရှိ။ ပကတိ လန်းဆန်းတက်ကြွနေလေသည်။

သည်လောက် သာယာမက်မောလောက်စဖွယ် ကောင်းလွန်းသည့် အိပ်မက်မှ ထွန့် နိုးထမလာချင်တော့ပေ။ တစ်သက်လုံး





ဆက်မက်နေချင်တော့သည်။

ဓာတ်ဗူးထဲကို ကော်ဖီထည့်ပြီး ခုံတစ်လုံးမှာ ငိုင်တွေစွာ ထိုင်နေမိပါသည်။ စိတ်ထဲမှာ ပျော်တစ်ဝက် ညှိုးတစ်ဝက် ကြည်နူး လာလိုက် ကြေကွဲသွားလိုက်နှင့် လွန့်ဆွဲနေသည်မို့ ကြာတော့ အလိုလို နွမ်းခွေအားလျော့လာရသည်။

သွေးသားမတော်စပ်သော သူစိမ်းတွေက ခုလောက် ကောင်းမွန်ဂရုစိုက်ကြသောအခါ မျက်ရည်လည်မိသည်အထိ ကြက်သီးထမိသည်အထိ အံ့ဩမှင်တက်ရပါသည်။

ထွန့်ကို မျက်လှည့်ပြနေသလားဟုပင် အောက်မေ့မိလေ သည်။ ကိုယ်တိုင်ကြုံတွေ့နေရတာကိုပင် စိတ်ထဲမယုံချင်လှ။

ခုံတစ်လုံးကို စားပွဲအောက်က ဆွဲထုတ်လိုက်သော အသံ ကြောင့် ထွန့် အတွေးစတွေ ပြတ်တွက်ကာ မော့်ကြည့်မိသည်။

ဆံပင်စပ်တွေမှာ ရေစိုနေပေမယ့် မျက်နှာတစ်ပြင်လုံး ဖွေးသန့်ကာ နီရဲသော နှုတ်ခမ်းတစ်စုံနှင့် တောက်ပသော စူးရှ ရှတ်လုံးများ။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းစမှာ သူ့ပုံစံက အင်မတန်မှ ကြည်လင်လန်းဆန်းလျက် အရာရာကို ကျေနပ်နေပုံမျိုး။ ထွင့် မနက်ဖြန်ပြန်ရမှာကို သူမေ့နေသလား။

ဒါမှမဟုတ် ထွင့်ရှိနေခြင်း မရှိနေခြင်းဟာ သူ့အတွက် အရေးမပါသော ကိစ္စတစ်ခုများလား။ ထိုအတွေးက သူ့ရင်ကို စူးအောင့်နာကျင်စေလှသည်။

သည်ထက်ပိုပြီး ဂရုစိုက်စေချင်သည်။ ထွင့် ပြန်တော့မှာကို နည်းနည်းပါးပါးဖြစ်ဖြစ် စိတ်ထိခိုက်စေချင်၏။ ဘာမှမဖြစ်သလို နေစိမ့်တာကို ထွင့် နှလုံးသားထဲက မခံစားနိုင်။ ငိုချင်လာသည်အထိပါ။

"မေမေတို့က တော်တော်နဲ့ ဆင်းလာမှာမဟုတ်ဘူး၊ စူးဗိုက်ဆာရင် စားနှင့်ပေါ့၊ ဖြန့်မပြောပါဘူး"

ရယ်သံတစ်ဝက်နှင့် နောက်နိုင်သေးတာကို အံ့သြလွန်းစွာ ငေးကြည့်နေမိသည်။

"စူး"





သူ စူးကိုအကဲခတ်သလို ကြည့်နေပြီးမှ…

"ဘာဖြစ်လို့လဲ"

ဟု မေးလာသည်။ ထွင့်က သက်ပြင်းလေးရှိုက်ကာ ခေါင်းတစ်ချက် ယမ်းပြသည်။ ဘာကိုများ ထွင့်က ရှင်းပြနေရဦးမှာလဲကွယ်။

ရှင် ဂရုမစိုက်မှုကြောင့် ထွင့် စိတ်ထိခိုက်ကြေကွဲရတာကို ဘယ်လိုများ ဖွင့်ဟပြောရမလဲ။ သူ့လိုပဲ ထွင့်စိတ်တွေ ပေါ့ပါးလန်းဆန်းနေချင်ပါသည်။

ဘာကိုမှ တနင့်တပိုး မခံစားချင်ပါ။ စောစောတုန်းက ထွင့်ရင်ထဲ ဖြစ်နေတာတွေကတစ်မျိုး၊ စိတ်အေးလက်အေးရှိနေသော သူ့ကို မြင်ရသောအခါ ဝမ်းနည်းနေသော စိတ်တွေက ဒေါသနှင့် ရောင်မြိုက်ကာ ရင်ထဲဆူဝေ ကျွမ်းလောင်လာရသည်။ ကြေကွဲခြင်းအသွင်ကနေ ခံပြင်းခြင်း အခြေအနေသို့ ချက်ချင်းပဲ ပြောင်းလဲသွားရလေသည်။

"စူး မနက်ဖြန် ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားစုကို ပြုံးစေကြီး ချပြောပစ်လိုက်၏။ သူ့စိတ်ထဲ မေ့လျော့နေလျှင်လည်း သတိရသွားစေဖို့ ရည်ရွယ်ပါသည်။

သို့သော် မျှော်လင့်သလို ဖြစ်မလာခဲ့။ သူက အပြုံးပင် မပျက်ဘဲ ခေါင်းတစ်ချက်ညိတ်သည်။

"ဘယ်အချိန် ပြန်မှာလဲ"

"မသိဘူးလေ၊ အန်တီ ဘာမှမပြောသေးဘူး"

"အင်း မေမေလိုက်ပို့နိုင်းတဲ့အချိန် လိုက်ပို့မှာပေါ့"

နှုတ်ခမ်းလေး တင်းတင်းစေ့မိလျက် ပြောစရာစကားပင် မရှိတော့သည့်နှယ်။ လွယ်လွယ်ကလေး ပြောတတ်သော သူ့ကို ယူကျုံးမရဖြစ်စွာ ကြည့်နေရုံသာ။

"စူးက ပြန်ချင်နေပြီလား"

"အင်း ဟိုမှာအရမ်းပျော်တယ်"

ရွဲ့ပြီးဖြေလိုက်တာကို သိသလို သူရယ်နေသည်။

"ဟုတ်မှာပါ ပျော်မှာပေါ့၊ အန်တီမြို့ဝတ်ိုက သဘော ကောင်းပါတယ်၊ ဟဲ ဟဲ စူး လွမ်းနေမှာပေါ့၊ သတိရမှာပေါ့"





သည်လိုကျတော့လည်း ထွဋ် ခံစားမှုတွေကို သူသိပြန်ပါ ရော။

ခန့်မှန်းရခက်လိုက်တာ။ နားလည်ရခက်လိုက်တာ။ လှို့ဝှက်စွာ နေတတ်ပြီး ရင်ထဲရှိတာကို သိုဝှက်သိမ်းဆည်းထား တတ်သော ယောကျ်ားတစ်ယောက်ကိုမှ ထွဋ် နှလုံးသားက ပူဇွေး စွာ လိုက်ခုန်ပြီး ငြိတွယ်မက်မောနေမိပြီလား။

"မနက်ဖြန်လိုက်ပို့မယ်နော် စိတ်ချ"

ဒါ တခင် ထွဋ် ရွဲ့လိုက်တာပါ။ သို့ပေမယ့် စိတ်မဆိုး မိဘဲ ထွဋ် ရယ်မိပါသည်။ ကြုံတွေ့ရမည့် အခက်အခဲကို နားလည် ပေးနိုင်ပုံရသော စကားတွေပါ။

သူဟာ သူမအတွက် ထူးဆန်းသောလူတစ်ယောက်ပါ။ သူမစိတ်ကို တစ်ခဏချင်းမှာပင် ပျော်ရွှင်လာအောင် ဖွမ်းဆောင်နိုင် သည်။ ကျေနပ်သွားအောင် ပြောတတ်သည်။

"ဒီလောက်ထိသိနေရင် အန်တီမြို့ဝတ်ို့ လာနေပါလား"

"အဟား ဒီလိုတော့ သင်ခန်းစာပေးချင်ပါနဲ့ စူးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရတာ လက်ပေါက်ကတ်တယ်၊ ခွကျတယ်၊ အသားလွတ်နေရင်း မာနကလည်းကြီးနေသေးတယ်၊ ဆက်ဆံရေးက သိပ်အဆင်မပြေဘူး၊ စူးကိုဆိုရင်တော့ ဘယ်လိုနေလဲမသိဘူး၊ သမက်တော်ချင်ပါတယ်ဆိုတဲ့ ကျွန်တော့်ကိုတောင် အထက်စီးကဆက်ဆံတာ"

ပျစ်ပျစ်နှစ်နှစ် ပေဖန်လိုက်တာကို လှေကားမှ ဆင်းလာသော အန့်တီခင်မမက ကြားသွားပြီး

"ဟဲ့ သား၊ လူကြီးကို ဘယ်လိုပြောနေတာလဲ"ဟု တားရှာပါသည်။ သူတို့နှစ်ယောက် ပြိုင်တူရယ်ကြသည်။ ဒေါ်ခင်မမ "ဟင်း"ဟု သက်ပြင်းချ၏။

"စားတော့လေ၊ ဟိုမှာ သားဖေဖေလာပြီ"

အန့်တီခင်မမက ကော်ဖီခွက်ဗူးထဲမှ ကော်ဖီကို တစ်ယောက်ချင်း လိုက်ထည့်ပေး၏။ ထွန်းကို မိသားစုဝင် တစ်ဦးလို သဘောထားပေးတာကို သိမ့်ခနဲကြည်နူးမိသည်။

ရှာဏခေါ်ထားသော အိမ်ဖော်ကောင်မလေးဟုသာ သိကြ





ပေမယ့် သူတို့နှလုံးသားက ထွန်းအပေါ် နွေးထွေးလှိုက်လှဲလွန်းပါသည်။

ထွန်းဆိုသော "ဝေထွန်းသာ"ဟာ "ထွန်း"ဂေဟာ၏ တစ်ဦးတည်းသောသမီးဆိုတာ လုံးဝသိပုံမရ။

ဒေါ်မြိုင်မြိုင်ခပြောထားသော "မုန်း"အဖြစ်ပဲ သိကျွမ်းရတာတောင်မှ သူတို့စိတ်သဘောထားက ဖြည့်ဝလွန်းပါလား။

"သားရေ ညှိသည်၊ စပယ်တဲ့"

ကြီးကြီးစိန်က နိုင်သန့်ရှင်းကို လာပြောပါသည်။ နိုင်သန့်ရှင်းက ဝမ်းသာအားရနှင့်

"လာပြီကြီးကြီး၊ လာပြီ"ဟုဆိုကာ ချက်ချင်းပဲ ပြေးထွက်သွားသည်။

သွက်လက်တက်ကြွလွန်းတာကို လိုတာထက်ပိုပြီး အကဲပါတာကို ထွန်း အမြင်ကတ်သွားသည်။ ဘယ်ကကောင်မလေးမို့ သူနှင့်ဘယ်လိုပတ်သက်သူမို့ အဲဒီလောက်တောင် ပျာယာခတ်သွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးတွန့်ကာ မဲ့မိသည်။ ပိုကိုပိုတာ။ မုန်းစရာ။ ကော်ဖီသောက်ပြီးတော့ ထွင်ကြက မသိမသာ ညှော်ခန်းဘက် လျှောက်လာမိသည်။ မိန်းကလေးဆိုတာ စစ်ရတတ်ပါသည်။ ဒါဟာ မိန်းမဗီဇ။ မျောက်မျက်ဖို့ ခက်လှသည်။ အထူးသဖြင့် ကိုယ်က စိတ်ဝင်စားနေမိသော သူ့အပေါ် ပိုပြီး စပ်စုတတ်ချင်သည်။ အဲဒီလူအကြောင်းကို နိုက်နိုက်ချွတ်ချွတ် အတွင်းကျကျ သိချင်စိတ်တဲနေတတ်သည်။

"စပယ်"ဆိုမှတော့ ကောင်မလေးတစ်ယောက်ပဲဆိုတာ သိ၏။ သိသလိုပဲ ဟုတ်နေသည်။ ခါးလယ်လောက်ရှိမည့် ဆံပင်စင်းစင်းလေးကို ယမ်းကာယမ်းကာနှင့် ကိုယ်နေဟန်ထားကနွဲ့နှောင်းလွန်းပါဘိ။ သူ့မျက်နှာကို မော့်ကြည့်ကာ ပြုံးနေပုံမှာ ချိုအီလွန်းသည်။

နိုင်သန့်ရှင်းက "စပယ်"လက်ထဲ ပွေ့ချီထားသော အမွေးစုတ်ဖွား ခွေးကလေးကို လိုက်စပြီး ရယ်နေသည်။

"ကိုနိုင်ရယ် အသည်းအသန် ဘယ်လိုဖြစ်တာလဲ"





"ဒီလိုပါပဲ"

"ကဲ ပြော၊ ဘာတွေအရေးကြီးနေတာလဲ"

"ဟဲ ဟဲ ဟဲ"

နိုင်သန့်ရှင်းက မလှမ်းမကမ်းမှာ ရှုံးရောက်နေတာသိပြီမို့ ပြောရခက်လှ၏။

"မေမေ့ပန်းတွေ ပွင့်ပြီဟ၊ အဲဒါ နင့်ကိုပေးချင်လို့"

"ဖြစ်မှဖြစ်ရလေ"

စပယ်က ဘယ်တော့မှ ပန်းမကြိုက်တတ်ပါ။ ဒါကို နိုင်သန့်ရှင်းလည်းသိထားပါသည်။ တမင် ခြံထဲရောက်အောင် ခေါ်ရတာ။ ညှော်ခန်းမှာ ရှုံးရှိနေသည်။

"လာပါဟ၊ အမှတ်တရပေါ့"

စပယ်လက်ထဲက ခွေးစုတ်ဖွားကလေးကို ပြောင်းယူပွေ့ချီရွေ့ယမ်းကာ ဆင်းသွားသော နိုင်သန့်ရှင်းနောက်ကို စပယ်က သက်ကြပ်မကွာ။ ထွင်ကြ နှုတ်ခမ်းကိုက်ရင်း မနေတတ်မထိုင်တတ် ဘုန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ဒေါသနှင့် အပေါ်ထပ်အခန်းရှိရာ တက်လာခဲ့မိသည်။ စိတ်ပါလွန်းသော အသံကြီးကို မုန်းသည်။ ဂရုစိုက်လွန်းသော ဟန်မူရာကိုလည်း မုန်းသည်။

ခွေးကလေးကို လက်ပြောင်းပွေ့ချီတာကိုလည်း မုန်းသည်။ ဆံပင်မည်းမည်းစင်းစင်းတွေ လှုပ်ခါနေတာကိုလည်း မုန်းသည်။ မြင်မြင်သမျှ မုန်းသည်။ အားလုံးမုန်းသည်။ သိပ်ကို မုန်းပါသည်။

ခုတင်စွန်းမှာ ဂုန်းခနဲထိုင်ချကာ အသက်ရှူသံပင် မြန်နေသည်။

တယုတယ ပန်းပေးဖို့များ ခေါ်ရသလား။ စေ့စေ့တွေးမိတော့ ရင်ထဲ တူးခါးသွားသည်။ ချက်ချင်းပဲ ထပြန်ချင်သည်။

ထွင့် မပျော်တော့ပေ။ အခန်းတံခါးပိတ်ပစ်ပြီး အိပ်ရာပေါ် လှဲချ၏။

စောစောကမှ နိုးတာမို့ အိပ်ရာပေါ်ပြန်လှဲတာက ငြီးငွေ့





ငွေ့ရှာမှုချင်သည်။ ဆက်လှဲနေရင် ခေါင်းကိုက်လာမည်လားပင် မသိ။

ဖွတ်မိုတ်အိပ်ပစ်ဖို့ ကြိုးစားပေမယ့် မဖြစ်နိုင်ပါ။

"သမီးရေ ပုစုး၊ သမီး"

ခေါ်သံလည်း ကြားသည်။ တံခါးခေါက်သံလည်း ကြားသည်မို့ မနေသာဘဲ တံခါးဖွင့်ပေးရ၏။

"ဟင် အိပ်နေတာလား"

"ဖျင်းလို့"

"အန်တီနဲ့ ဈေးလိုက်မလား"

"လိုက်မယ်"

အခုချိန်မှာ ဘယ်ပဲသွားရ သွားချင်ပါသည်။ အိပ်ရာထဲမှာ မနေချင်။ အခန်းထဲမှာ မနေချင်။ ဘာပဲဖြစ်ဖြစ် အပြင်ထွက်လိုက်ရလျှင် သက်သာပါမည်။

"ဒါဆို အဆင်သင့်လုပ်တော့လေ၊ အန်တီ အောက်က စောင့်နေမယ်နော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ ချက်ချင်းဆင်းလာမယ်"

စူးက တီရှပ်အနက်ကလေး ဝတ်ထားတာမို့ ဂျင်းကုတ်လက်ရှည်ကလေးကို ထပ်ဝတ်လိုက်သည်။

မျက်နှာကတော့ ဘယ်လိုပဲ ဟန်ဆောင်ထား ဟန်ဆောင်ထား ပုပ်စပ်တင်းမာနေမှာ သေချာ၏။

ဧည့်ခန်းကို ဆင်းလာတော့ အန်တီခင်မေက သူမကို သေချာကြည့်သည်။

"ခဏစောင့်ရဦးမယ် သမီးရေ၊ သားက ဧည့်သည်နဲ့ စကားပြောနေတုန်း၊ သူ့ကို လိုက်ပို့ခိုင်းရမယ်"

ထွန်းက အန်တီ့ဘေးမှာ ဝင်ထိုင်သည်။ မျက်နှာလေးက မှုန်မှုန်တင်းတင်း။

"သားသူငယ်ချင်းလေးက တွေ့ရတာကြာတော့ စကားကြာရှည်နေတယ်"

ဟု အန်တီက ရယ်မောနေခဲ့သေးသည်။ ထွန်းဖြင့် မရယ်နိုင်ပေါင်။ ရင်ထဲမှာ ပုရွက်ဆိတ်တက်သလို ယားကျိကျိနှင့် တွေ့ရာ





လူကို ကုတ်ဖဲ့ပစ်ချင်သည်။ အူထဲအသည်းထဲကကို မခံမရပ်နိုင်ဖြစ်နေမိတာ။

စပယ်ဆိုသော ကောင်မလေးကို သူ အရေးတယူရှိလွန်းလှပါလားဟု အားငယ်ကြေကွဲစိတ်လည်း ဖြစ်ရလေသည်။

"သူတို့ တော်တော်ခင်ကြလားဟင်"

ရင်ပူစွာ မေးမိသည်။ မေးမိပြီးမှ ဘာတွေများ ကြားရမလဲဟု ကြောက်လန့်နေဖြစ်သည်။

ထွန်းစိတ်တွေရယ် ဘယ်လိုတွေးပါလိမ့်။

"ခင်တာပေါ့၊ ငယ်ငယ်လေးကတည်းက သူငယ်ချင်းတွေ၊ သားက ဘာကိစ္စ အရေးကြီးလဲ မသိပါဘူး၊ ညက စပယ်လေးဆီ ဖုန်းသုံးလေးငါးခါ ခေါ်နေတာ"

"ဪ ဪ"

ခြံထဲမှာ ပွင့်နေတဲ့ ပန်းတွေကိစ္စပေါ့ အန်တီရယ်။

"သူတို့ချင်း သိပ်ခင်ကြပါတယ်၊ ဘာမဆို တိုင်ပင်နေကျ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမက သူမအတွေးကို မသိရှာဘဲ ဆက်လက်၍ ရှိုးသားစွာ ရှင်းပြနေလေသည်။

"နောက်တစ်ယောက် ရှိသေးတယ်၊ ဗညားတဲ့၊ ညက အဲဒီတစ်ယောက်ဆီလည်း ဖုန်းဆက်တာပဲ၊ ဘာတွေ ကျိတ်တိုင်ပင် နေသလဲ မသိပါဘူး"

ထွဋ်ရှိ သက်ပြင်းသဲ့သဲ့ရှိုက်ဖြစ်သည်။ မျက်လုံးလေးတွေ က မှော်လင့်ချက် မှိန်ဖျော့ကာ ငေးရီရီ။

တိုတောင်းလှတဲ့ အချိန်ကလေးအတွင်းမှာ ထွဋ်ရှိ၏ ယုံကြည်မှုစွမ်းအားက မြင့်မားလွန်းလှပါရောလား။

သူကြောင်းတွေ ဘာမှမသိသေးဘဲ ယုံနေမိသည်။

ထွဋ်ရှိ အကြွင်းမဲ့ယုံကြည်မိတာ သူမျက်ဝန်းတစ်စုံပါ။ နှလုံး သားထဲအထိ ယုံကြည်သွားအောင် သူကြည့်တတ်ပါသည်။ စိတ်အေးသွားအောင် သူကြည့်တတ်ပါသည်။ သူ့အကြည့်မှာ ဒေါသတွေ လျော့ခနဲ ပြေကျရပါသည်။

ခုတော့ ထိုမျက်လုံးများကို ထွဋ်ရှိ မယုံမရဲ ရှိလှ၏။





သူဟာ ထင်တောင်းသလောက် သူမအပေါ် လေးလေးနက်နက် ရှိပါရဲ့ လား။

ယုံကြည်မှုသော မျက်လုံးများကို တထိတ်ထိတ်ဖြင့် စောင့် ကြည့်ရပါတော့မည်။

"သား ဘာတွေလုပ်နေတာလဲဆိုတော့ မပြောဘူး၊ ရယ်နေ တယ်"

အန်တီခင်မမက ထွဋ်ရှိ မျက်နှာလေးကို လှည့်ကြည့်ကာ အကဲခတ်မိသွားပြီ။

ထွဋ်ရှိအဖြစ်က ဆိုးရွားလွန်းလှပါလား။ ဟန်ဆောင်ပန် ဆောင်ပင် နေလို့မရ။ အရုပ်ဆိုးလွန်းလှသည်။ တကယ်ဆို ရင်ထဲ ဘာရှိရှိ မျက်နှာမှာ ပေါ်လွင်စရာမလိုပါ။

"ဘာမှမဖြစ်ပါဘူး၊ မနက်ဖြန်အတွက် စဉ်းစားနေမိလို့ ပါ"

အမှန်ကို ဝန်ခံလို့မှ မဖြစ်ဘဲလေ။ ညာလိုက်ရသည်။ ညာလိုက်တာကလည်း ယုတ္တိရှိနေတော့ ယုံသည့်လူက ယုံပါသည်။

www.burmeseclassic.com



ထွဋ်ရဲ့ ရင်ထဲမှာတော့ ဝေဒနာတွေ တနင့်တပိုး။

ဘယ်သူကြောင့်မှ ထွဋ်က ငိုချင်သူမဟုတ်ပေ။

မျက်ရည်ကျ ခံစားရမှာ တစ်ခုကို အင်မတန် မုန်းလွန်းလှသည်။

× × × ×







www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

"ဘယ်ကကောင်မလေးလဲ၊ မနောက်နဲ့ နိုင်ရာ၊ အတည်ပြော"

စဝယ်က မျက်လွှာလေးလှန်ကြည့်ကာ တည်တည်တံ့တံ့မေးလာသည်။ ပြောပြောချင်းတုန်းကတော့ နိုင် နောက်နေသလားဟု မသင်္ကာဖြစ်မိသော်လည်း ပြောနေပုံကြည့်ရတာ တကယ်လိုလို။

"ဟုတ်လို့လား၊ ဘယ်သူလဲ ပြောလေ"

နိုင်သန့်ရှင်းက ရှက်ရှက်နှင့် ရယ်သည်။ ပြောရတာ တော်တော်မျက်နှာပူစရာကောင်းသည်။ စိတ်ထဲမှာလည်း တစ်မျိုးကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ကောင်မလေးလား"

စပယ်က စူးစူးစမ်းစမ်းနှင့် ထင်ကြေးပေးသည်။

"အင်း"

နိုင်သန့်ရှင်းက စပယ်ကိုမကြည့်ဘဲ ခပ်တိုးတိုးဖြေ၏။

"ဟုတ်တယ်၊ အဲဒီကောင်မလေးပဲ"

"ဘုရားရေ၊ ဟုတ်မှဟုတ်ရဲ့လား"

စပယ်က အထိတ်တလန့်နှင့် မျက်လုံးလေးပြူးကျယ်သွား၏။

"ကိုနိုင်ရယ် အိမ်နဲ့အမေနဲ့ ဒီလောက်ပြေလည်နေတာများ ခိုးစရာလိုသေးလား၊ နင် ဘာတွေထွင်နေတာလဲ"

"မဟုတ်ဘူး၊ သူတို့ဘက်က မပြေလည်ဘူး၊ ငါဘယ်လိုလုပ်ရမှန်း မသိလို့ပါဟာ၊ ညစ်နေတယ်"

စပယ်က ပခုံးတွန့်သည်။ လန့်နေပုံ၊ မိန်းကလေးပီပီ ကြောက်တတ်ပါသည်။

"ရှင်တို့အကြံထဲ ကျုပ် မပါချင်ဘူးနော်၊ ရှုပ်ရှုပ်ယှက်ယှက်"





"အေးပါ၊ ငါနဲ့ဗညား တိုင်ပင်ပြီးပြီ၊ နင်က သန်လျင်အိမ်က သော့ပဲပေးပါဟာ၊ ဒီတစ်ခုပဲ"

"အင်း ခက်ပါလား"

ပြောလို့လည်း ရမည့်ပုံမပေါ်၊ မကူညီလို့ကလည်းမဖြစ်။ သူငယ်ချင်းအရင်းတွေ သိပ်ခင်ကြတာဆိုလို့ သည်သုံးယောက်တည်းရှိတာ။

"သူကကော နင့်နောက်လိုက်မှာလား"

စပယ့်စကားကြောင့် သူ ဆတ်ခနဲဖြစ်၏။ သည်ကိစ္စ စပယ် သိဖို့မလို။ ရှင်းပြလို့လည်း မဖြစ်ပါ။ ရှုပ်ကုန်လိမ့်မည်။

"ဘာလို့မလိုက်ရမှာလဲ"

ပိုင်ပိုင်နိုင်နိုင်ပဲ ပြောလိုက်သည်။ စပယ်က ရက်ပြူးလေးနှင့် ယုံကြည်သွားလေသည်။ သည်ထက်ပိုပြီး မေးတော့မှာလည်းမဟုတ်။

"ပြီးရော ပြီးရော၊ နောက်မှ ရှင်တို့ကိစ္စထဲ စပယ့်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



မထည့်နဲ့၊ အဲဒီအိမ်က သုံးယောက်စပ်တူ ဝယ်ထားတာ၊ နင့်ကို အစကတည်းက သော့တစ်ချောင်းယူထားပါလို့ ပြောသားပဲ''

နိုင်သန့်ရှင်းက သက်ပြင်းရှိုက်သည်။ သူတို့ပိုင်သော ခြံကြီးကို ခေါ်သွားလျှင် ဖေဖေနှင့်မေမေ ချက်ချင်းသိသွားနိုင်ပါသည်။ ချက်ချင်း လိုက်လာနိုင်ပါသည်။

မေမေတို့ မြန်းစားကြီး ရောက်မလာနိုင်သော နေရာကို သူရွေးချယ်စဉ်းစားတာပါ။

ဗညားရယ် သူရယ် စပယ်ရယ် စပ်တူဝယ်ထားသော သန်လျင်က ခြံကလေးက တစ်ထပ်တိုက်ကလေး ဆောက်ထားတာမို့ နေဖို့အဆင်ပြေသည်။

ခြံဝင်းကလေးက မကျယ်ပေမယ့် ကားဂိုဒေါင်ကလေးနှင့် အခန်းကလေးမှာ နေရာလွတ်ကလေးတော့ရှိသည်။

''အခုတော့ သော့မပါလာသေးဘူး၊ စပယ် လာပေးမလား၊ ကိုနိုင် လာယူမလား၊ ဘယ်အချိန်လဲ ပြောလေ''

နိုင်သန့်ရှင်းက တစ်ချက်စဉ်းစားပြီးမှ…





''ငါ ဗညားနဲ့ချိန်းထားတယ်၊ သူနဲ့အတူတူ လာခဲ့မယ်ဟာ၊ နင် အိမ်မှာပဲရှိနေနော်''

ဟု မှာသည်။

''အေးပါဟယ် စပယ်ပြန်မယ်၊ ပန်းတွေပေးမလို့ဆို''

စပယ်က သူ့စကားကို မမေ့ဘဲ စနေသည်။

''တာ ဘာပန်းမှ မရှိဘူး''

စပယ်က မျက်စောင်းရွယ်ပေမယ့် အပြုံးမပျက်ပါ။ သူ့ခေါင်းကို မွေ့ချီကာ ကားဆီလျှောက်သွားသည်။

''ကိုနိုင် ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က နေစပ်သေချာဖို့ နိုင်ဖိုင်နိုင်နိုင်ဖြစ်ဖို့ လိုတယ်နော်၊ ငါကစိတ်ပူလို့ပါ''

''အေးပါဟာ စိတ်ချပါ''

ကားပေါ်မတက်ခင် သူ့ကို သတိပေးစကား ဆိုနေသည်။

''စပယ်နဲ့လည်း မိတ်ဆက်မပေးဘူး''

''တစ်သက်လုံး သိနေရမယ့်လူတွေပဲ''

သူ့စကားကို စပယ်က တခစ်ခစ်ရယ်ကာ သဘောကျ...



www.burmeseclassic.com

www.burmeseclassic.com



သွားပေမယ့် သူက သိပ်မရယ်နိုင်။ နှုတ်ခမ်းတွေက အလိုလိုတည်တင်းနေသည်။

ဘာတွေရင်ဆိုင်ရမလဲ စူးရယ်။

ကိုယ်ဟာ အမြဲ မင်းဘက်က လူတစ်ယောက်ပါ။

× × × ×



## အခန်း (၄)

စူပုပ်နေသော မျက်နှာလေးက ခပ်လွဲလွဲ၊ မျက်လုံးလေးတွေက သူ့ဆီရွှေမလာခင် သတိထား တိမ်းရှောင်လွဲဖယ်နေတော့တာမို့ ရယ်လည်းရယ်ချင်မိပါသည်။

မေမေက ဈေးလိုက်ပို့နိုင်းပေမယ့် သူက သိပ်အချိန်မပေးနိုင်ပါ။

သူ့မှာ စီစဉ်စရာတွေ ရှိနေသည်။ ဗညားနှင့်တိုင်ပင်ပြီး လုပ်စရာရှိသမျှ သည့်နေ့အပြီးသတ် လုပ်ထားရမည်။

စူးက စပယ်နှင့် တရင်းတနှီးရှိတာကို စိတ်ဆိုးသွားပုံရပါသည်။ နှုတ်ကတော့ ဘာတစ်ခုမှ ဖွင့်မမေး။ သူကလေး မာနကလည်း ကြီးမားလွန်းသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သိချင်တာတစ်ခုကို အောင့်အည်းမျိုသိပ်ထားနိုင်သည်။ စိတ်ဓာတ်မာကျောသည်။ သူကလည်း ရှင်းပြချင်ပါသည်။ ဘာတစ်ခွန်းမှမမေးဘဲ အသားလွတ်ကြီး ဖြေရှင်းချက်တွေ ပေးရမှာခက်နေ၏။

မေမေ ဘေးမှာထိုင်နေပေမယ့် ကားပြတင်းကနေ အပြင်ကိုသာ ငေးမောနေသော သူမကို မကြာခဏ ခိုးကြည့်မိသည်။

စူးစူးတင်းတင်း မျက်နှာလေးကို သူ အသည်းယားလှသည်။ ဒေါသဖြစ်အောင် ဒါမှမဟုတ် ငိုအောင်စချင်သည်။

သူ့ကို ဒေါသနှင့် ထုရိုက်တာမျိုးကို ထူးဆန်းသော ခံစားမှုအဖြစ် သူလိုချင်သည်။ စိတ်တိုနေသော စူးကို ဘေးကနေလိုက်ချော့ရလျှင် ဘယ်လောက် ပျော်စရာကောင်းမလဲဟု တွေးမိသည်။

ကြည်ကြည်နူးနူး တွေးနေမိသည့်ကြားကပင် စူး တကယ်စိတ်ဆိုးနာကျင်သွားပြီလားဟုလည်း လှမ်းကြည့်ကာ ပူနေမိသေးသည်။ အဲသည်လိုတော့ မဖြစ်စေချင်ပါ။

"မေမေတို့ ကြာမှာလားဟင်"





"ကြာမှာပေါ့၊ ဈေးလာတာပဲ သားရယ်"

"ဒါဆို သားကို အချိန်ပြောလိုက်လေ၊ သား ပြန်လာကြိုပေးမယ်"

"လုပ်ပြန်ပြီ"

နိုင်သန့်ရှင်းက ရယ်ကျဲကျဲလုပ်နေမိသည်။

ဆူရင်လည်း ငှံ့ခံမည့်ရုပ်ကလေး။

မေမေက သူ့ကိုလှမ်းကြည့်ပေမယ့် မဆူပါ။

ပြန်လာခေါ်ရမည့် အချိန်ကိုသာ ခန့်မှန်းပေးလေသည်။

စူးကတော့ ဘာတစ်ခုမှ သူနှင့်မဆိုင်သလို တစ်ဖက်လှည့်ထားနေသည်။

မေးဖျားလုံးလုံးလေးကို ဆွဲယူပြီး စိုက်ကြည့်ကာ "ဘာဖြစ်နေတာလဲ" ဟု မေးပစ်ချင်သည်အထိ သူ့စိတ်တွေ အတင့်ရဲဖောက်ပြန်နေလေသည်။

ဒါကို စူး သိမည်မဟုတ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုး - ၁၀၄၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

သူတက်လာတာ မြင်ပေမယ့် စူးကို မသိသလို လုပ်နေသည်။

သည်ညတော့ ဂီတာတီးဖို့ ရည်ရွယ်ချက်ရှိပုံမရ။ ဝရန်တာမှာ မတ်တပ်ရပ်ပြီး ကောင်းကင်ကြီးကို မော့ငေးကြည့်နေသည်။

ကြယ်တွေ၊ တိမ်တွေနှင့် မိတ်ဖွဲ့စကားဆိုသံလည်း မကြားရပါ။

တိတ်ဆိတ်သောညမှာ သူမက တိတ်တဆိတ်နှင့် ရှိနေတော့ နိုင်သန့်ရှင်းက သက်ပြင်းမောရှိုက်ကာ ဘေးမှာသွားရပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရူးက ခေါင်းမော့ကြည့်ရတာ စကြောင်းသွားသလို ခြံထဲကို ငုံ့ကြည့်နေ၏။ သူရှိနေတာကို စိတ်ဝင်စားပုံမပေါ်။

တကယ်ပဲ ကိုယ်ဟာ မင်းပတ်ဝန်းကျင်က သက်မဲ့အရာ တွေလောက်တောင် မင်းကို ဆွဲဆောင်နိုင်စွမ်းမရှိဘူးလား။

တစ်ခုတော့ မှတ်ထားပါရူးရယ်။

လောကကြီးက တစ်လှည့်စီ ပြောင်းလဲနေတယ်။ တစ်သမတ်တည်းမရှိဘူး။

လောလောဆယ်မှာ အနိုင်ရထားတဲ့သူဟာ ထပ်ပြီးနိုင်စရာ မရှိတော့ဘူး။

ကိုယ်က အရှုံးပေးအောက်ကျို့မာနချပြီး ရှိနေတဲ့သူပါ။ ကိုယ့်အတွက် အောင်မြင်ခြင်းဆိုတာ ရှိကိုရှိလာမယ်။

မင်း ကိုယ့်မေတ္တာတွေကို နားလည်ခွင့် တစ်နေ့နေ့ရလာမှာပါ ရူး။

အဲဒီအခါ မင်း ကိုယ့်ကို တမ်းတလာမှာပါ။ အဲဒီတစ်နေ့ဟာ ကိုယ်တို့ပျော်ရမယ့်တစ်နေ့ပဲ။





ချစ်ခြင်းမေတ္တာနဲ့ ဝေးကွာခဲ့ရတဲ့ ရေဝေးကြာတစ်ပွင့်အတွက်တော့ မေတ္တာကို ထိတွေ့ခံစားနိုင်စွမ်း သိပ်ကိုနည်းပါးနေလိမ့်မယ်။ တင်းမာအေးခဲလွန်းတဲ့ မင်းနှလုံးသားထဲ ကိုယ့်ရဲ့မေတ္တာတွေ စိမ့်ဝင်မှုဟာ အင်မတန် ကြာမြင့်နှေးကွေးလိမ့်မယ်ဆိုတာ ကိုယ်သိပါတယ်ရူးရယ်။

နေလောင်ထားတဲ့ ပန်းတစ်ပွင့်လို မေတ္တာနဲ့စိမ်းနေတဲ့ မင်းအတွက် ချက်ချင်းကြီး နူးညံ့ပျော့ပျောင်းသွားဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။

ဂျစ်တစ်တစ် မာကျောကျောနဲ့ ထုံသလိုလို အသလိုလို ထတ်သလိုလို မင်းအရုအရာကို မြင်စကတည်းက သုံးသပ်နားလည်ခဲ့ပြီးသားပါ။

ဒါပေမယ့် ကိုယ့်နှလုံးသားက မင်းဆိုမင်းမှ။ စိတ်ရှည်ရမယ်။ ခံနိုင်ရည်ရှိရမယ်ဆိုတာ ကိုယ် ကြိုတင်တွေးထားပြီးသား။

တစ်ခါတလေဆို မင်းအပြုအမူတွေက ဂျစ်ကန်တာထက် လွန်ကဲပြီး မာကျောတာထက် လွန်ကဲပြီး ရိုင်းပျခြင်းဆိုတဲ့ အဆင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ရောက်နေတတ်သေးတယ်။

သူက အတွေးနှင့်ငေးနေပေမယ့် စူးက သူ့သောကနေ ချာခနဲ လှည့်ထွက်သွားခဲ့လေသည်။

သူ့ဘာအပြစ်မှလည်း မလုပ်မိပါလား။ တစ်ခါတလေ ဟန်မဆောင်နိုင်ဘဲ စိတ်ထဲရှိသလို နေပြတတ်တာလေးကျပြန်တော့ လည်း အပြစ်မမြင်ချင်စရာ ကောင်းနေတတ်သည်။

"စူး"

သူမက ကျောခိုင်းလှည့်ထွက်သွားတော့ သူက တစ်ယောက်တည်း ကျန်ရစ်ရမှာတဲ့လား။ ခေါ်ပိုင်ခွင့် သူ့မှာရှိသည် ပဲ။

သူ့ခေါ်သံကြောင့် စူးက ခြေလှမ်းတွေ တန့်သွားသည်။ သူ့ဘက်ကိုတော့ လှည့်ကြည့်မလာဘဲ သူပြောလာမည့် စကား တစ်ခွန်းခွန်းကို စောင့်ဆိုင်းနေပုံရပါသည်။

"ဘယ်သွားမလို့လဲ"

နိုင်သန့်ရှင်းက စူးသောနားအထိ လျှောက်သွားပြီးမှ မေး





သိုက်သည်။

"အိပ်တော့မယ်"

သည့်ညမှ စောစောစီးစီး အိပ်ရာဝင်ချင်တာဟာ သူ့အပေါ် စိတ်မပြေသေးတာကြောင့်ဘဲလား။ မျက်နှာချင်းဆိုင်နေတာကို စိတ်မရှည်၍လားမသိနိုင်။

ခါတိုင်းညတွေဆို ညဉ့်နက်သည်အထိ သူ့ရယ် မေမေရယ် တစ်ခါတလေ ဖေဖေပင်ပါလိုက်သေး။ စကားတွေ ပြောမဆုံးအောင် ရှိကြတာ။

"မနက်ဖြန် ပြန်ရတော့မှာ၊ ဒီညတော့ အေးအေးဆေးဆေး စကားပြောမလားလို့"

"စူးမှာ ပြောစရာမရှိဘူး"

ပြတ်သားသောစကားမှာ အားနာမှု လုံးဝမပါ။ သူ့တစ်ဖက်သား ခံစားမှုကို သိပ်ထည့်တွက်ပုံမရချေ။ ဘယ်လို သေးမှန်းမသိ။

"ကျွန်တော်ကတော့ ပြောချင်တယ်၊ လုံးဝမအိပ်ချင်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

စူးက သူ့ကို စူးလဲ့လဲ့ကြည့်လာ၏။

“စူးကို ဂီတာတီးပြီး သီချင်းဆိုပြမယ်”

ခေါင်းငုံ့ပြီးပြုံးလိုက်သော မျက်နှာလေးမှာ အနည်းငယ်

စိတ်ပြေသွားဟန်ရှိပါသည်။

သူ အားတက်သွားသည်။ သီချင်းကြိုက်တတ်သော စူး

တေးဆိုချော့တာ အကောင်းဆုံးနည်းစနစ်ပါပဲ။

ရှင်ဟာ လူလည်ကလေးပါပဲ ကိုရှင်းရယ်။

ဒါဟာ စူး စိတ်ပြေအောင် ချော့တာတဲ့လား။ သီချင်

တစ်ပုဒ်ဆိုပြရုံနဲ့ ထွေ့က မကျေနပ်မှုမှန်သမျှ ပြေပျောက်တော့မှာ

လား…ဟွန်း။

လျှောခနဲ ပြေချင်သောစိတ်ကို အနိုင်နိုင်ပြန်တင်းထား

သည်။ သူ စကားတစ်ခွန်းမှာ လွယ်လွယ်စိတ်မပြေချင်ပါ။ ထွေ့

နှလုံးသားဟာ သူနှင့်ပတ်သက်လာလျှင် အင်မတန် ပျော့ပျောင်

နူးညံ့နေတတ်သည်။





ထွေ့က သူ့ဆီမှ အကြည့်လွှဲဖယ်ပြီး…

“စူးကို နေကြာမှာ သီချင်းဆိုခွင့်ပေးရင် မအိပ်သေးဘူး၊

ကိုရှင်းနဲ့ စကားပြောမယ်၊ တစ်ပတ်မှာ နှစ်ရက်ဖြစ်ဖြစ် စူး အရမ်း

ဆိုချင်တယ်”

“ဘာကွ”

အချိန်ကောင်းမှာ အခွင့်အရေးယူတယ် ထင်ရင်ထင်။

သူမှာ စပယ်ဆိုတာလေး ရှိနေလျက် ထွေ့ကို ဘာလို့ နမြောတွန့်တို

ထန့်ကွက် ပိတ်ပင်နေရသတဲ့လဲ။ ထွေ့ကို သူများကြည့်မှာ၊ ချစ်မှာ

သူ့မှာနေစရာမလိုပါ။ ထွေ့ စိတ်တွေက ကပ်ဖဲ့တိုက်ဂျစ်ကျချင်လာ

၏။ မကျေနပ်တာ တစ်ခု ပေါက်ကွဲမိတာက တစ်ခု အဲဒီလို

လွဲချော်တတ်ပါသည်။ မဆိုင်တာကို ဆွဲထည့်ရန်လုပ်ပြီး ပြဿနာ

ရှာလိုက်ရလျှင် ထွေ့ ကျေနပ်သည်။

“စူး ဆိုချင်လွန်းအားကြီးလို့ ခွင့်တောင်းတာပါ၊ ကိုရှင်း

တောမြစ်သင့်ဘူးသိလား၊ စူးမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဆိုတာ

ရှိတယ်၊ နေကြာမှာ ပေးမဆိုလည်း တခြားနေရာတစ်ခုခုမှာ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးရှုတာနဲ့ ဆိုမှာပဲ"

ကြည့်စမ်း ဘယ်လောက်များ သူစိမ်းဆန်လိုက်သလဲဆို တာ။

သူ့ကို စူး အဲဒီလိုပြောဖို့ ကောင်းသလားကွာ။

စူးကို စိတ်ပျက်စွာ ကြည့်မိသည်။ သက်ပြင်းလည်း ရှိုက်မိ၏။

"တားနေတာ မေမေ၊ မေမေ့ကိုပြော မေမေခွင့်ပြုရင် စီစဉ်ပေးမယ်"

ဆက်လက်ပြီး နားညည်းမခံနိုင်တော့ပေ။ ကောင်မလေး တွေဟာ သည်လိုပဲ ဦးနှောက်စားတတ်သလား။ တားမြစ်လေ နှုတ်တိုးချင်လေဆိုသည့် စိတ်ဓာတ်ကို နိုင်သန့်ရှင်း မကြိုက်ချင်ပါ။ ပြောရတာ လက်ပေါက်ကပ်သည်။

"အန်တီက ဘာလို့ခွင့်မပြုရမှာလဲ ကိုရှင်းသာ စိတ်ပုပ်"

နိုင်သန့်ရှင်းက ထွန်းကို အေးစက်စက် ကြည့်လာဟန် စကားလေးက မခံဝံ့ခင် တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားရလေ





သည်။ သို့သော် မျက်စောင်းတစ်ချက် ရှယ်မိလျက် တစ်ဖက်လှည့် နေလိုက်၏။ သူ့အကြည့်တွေအောက်မှာ မကျုံ့လိုပေ။ အစကတော့ ကျုံ့နေတာကိုပဲ ကျေနပ်ခဲ့မိပါသည်။ ထွန်း ဝန်ခံပါသည်။ ခုတော့ ထိုမျက်လုံးများကို လျစ်လျူရှုဝံ့ပေကွာပြနိုင်ချင်သည်။

တိတ်ဆိတ်နေသော သူ့အနားမှာ မနေချင်တော့တာမို့ ထွန်း ခြေလှမ်းစသည်။ သည်တစ်ခါ "စူး"ဆိုသော ခေါ်သံကို မကြားရ တော့ပေ။

လွန့်လွန့်ကလေး ပြုံးကာ ကျေနပ်၏။ သူ အနည်းငယ် ဖြစ်ဖြစ် စိတ်ကသိကအောက်ဖြစ်အောင် လုပ်ချင်မိပါသည်။

နိုင်သန့်ရှင်းက ခုံတစ်လုံးမှာ သွားထိုင်ချ၏။ စိတ်ထဲမှာ တွေဝေလာရသည်။ စူးက တစ်ခါတလေ မထင်မှတ်လောက်အောင် ဆိုးချင်သည်။ သူ စူးကို လက်ထပ်လို့ ဖြစ်ပါ့မလား။ စူး၏ဒဏ် ကို သူခံနိုင်ပါ့မလား။ စိတ်မထင်လျှင် မထင်သလို ရိုင်းပျချင် သည်။ စူးမှာ စဉ်းစားဆင်ခြင်နိုင်စွမ်း နည်းပါး၏။ သူ့မဘဝကို အကြင်နာနှင့် ဆုံးမပဲ့ပြင် ထိန်းကျောင်းခဲ့သူလည်း မရှိခဲ့ပါ။ တခြား



www.burmeseclassic.com

www.burmeseclassic.com



သူတွေဆို စူးထက်ပင် ပိုဆိုးနေသေးသည်။ စူးကမှ တစ်ခါတစ်ရံ စိတ်ထားကလေး ဖြူစင်ကာ ချစ်စရာကောင်းသေး၏။

စူးရယ် မင်းကို ကိုယ်အများကြီး ပြုပြင်သွန်သင်ရဦးမှာပါ။

"သား ဘာတွေများ သက်ပြင်းတစ်ရှိက်ရှိက် ဖြစ်နေရတာလဲ၊ ဟင် စူးလည်းမတွေ့ပါလား"

မေမေက သူ့ဆီလျှောက်လာပြီးမေးလျက် စူးကိုပါ မျက်လုံးဝေ့ရှာဖွေသည်။ မတွေ့တော့ အံ့ဩစွာ မေး၏။

"အိပ်ချင်ပြီတဲ့"

"ဘာတွေစိတ်ကောက်နေပြီလဲ မသိဘူး"

မေမေက စူး စိတ်ကောက်တတ်ပုံလေးကအစ ချစ်ခင်နှစ်သက်နေတော့သည်။

"သား သွားခေါ်ပါကွယ်၊ မေမေ ခေါ်နေတယ်လို့"

သူ ခေါင်းယမ်းပြမိသည်။ ဈေးကိုင်လွန်းသော စူးကို အောက်ကျနောက်ကျ မခေါ်ချင်။





တစ်ခါတလေ သူလည်း ခပ်တင်းတင်းနေပြချင်သည်။

"သားကပါ စူးနဲ့အပြိုင် ကောက်နေတာလား၊ ဟိုကအလေး၊ သားက ကလေးနဲ့ပြိုင် စိတ်လုပ်နေစရာလား၊ သွားခေါ်ပါကွယ်"

သူစိတ်ပြေအောင် မေမေက တိုက်တွန်းပြောဆိုတတ်သည်။ ချက်ချင်းပင် စူးအခန်းရှေ့ကို သူလျှောက်လာမိလေသည်။

တံခါးပိတ်ကာ ငြိမ်သက်နေသော သူမကို ဘယ်လိုခေါ်ရပါ့။ ပိုပိုပြီး ဘဝင်မြင့်ဈေးတက်နေတော့မှာလည်း စိုးလှ၏။

"စူး စူး မေမေခေါ်နေတယ်"

သူ့အသံကျယ်ကျယ်ကြောင့် စူးက အထဲကနေ ပြန်အော်သည်။

"စူး အိပ်နေပြီ"

"ဟာ ဘယ်မှာအိပ်သေးလို့လဲ"

"အခုအိပ်တော့မလို့"

"လာပါ မေမေ စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း မလာတော့ဘူး"

"စူး လူကြီးကခေါ်တာလေ၊ ဒီလိုမလုပ်ရဘူး"

အတန်ကြာအောင် တိတ်ဆိတ်သွားပြီးမှ တံခါးချပ်ကလေး ဖျတ်ခနဲ ပွင့်လာသည်။

"မေမေခေါ်နေတယ်"

သူ့ကို စူး မျက်စောင်းရှယ်သည်။ ကျေပဲမကျေနိုင်ဘူး။

"လာပါ၊ မေမေက စူးကို စကားပြောမလို့တဲ့၊ ကျွန်တော်ကလည်း ဒေါ်စူးစူးကို သီချင်းဆိုပြပါမယ်၊ ဝမ်းမန်းရှိးပေါ့၊ လက်မှတ်တစ်စောင် သုံးထောင်ပေးဝယ်လည်း ကျွန်တော်က မဆိုပြဘူး၊ စူးကိုပဲ ဆိုပြချင်တာ"

"သီချင်းဆိုပြရုံနဲ့ အရာရာကို စူးက ကျေနပ်လိုက်ရမှာလား"

"ဒါပေါ့၊ ကျွန်တော်က ဘာများအပြစ်လုပ်မိသလဲ"

"ဟွန့်"

စူးက ချာခနဲ တစ်ဖက်လှည့်ပစ်ကာ





"စူး ညည့်ခန်းထွက်လာတော့ ဘာလို့ ပေါ်ပေါ်တင်တင်ကြီး ရှောင်ထွက်သွားရတာလဲ၊ လုံးဝမကျေနပ်ဘူး၊ စူးကို စပ်စုစွာတေး၊ အော့ကြော့လန်လို့ လူများထင်အောင်လား၊ စူး သိက္ခာတွေ ထိခိုက်တယ်"

ရန်လုပ်ပုံလေးကို စိတ်ဆိုးဖို့နေနေသာသာ သူရယ်နေမိလေသည်။

"ဆောရီးကွာ ဆောရီး"

"ခုမှ လာတောင်းပန်မနေပါနဲ့၊ စူးကို ဘယ်လောက်ထိခိုက်တယ်၊ နစ်နာတယ်ဆိုတာကို ရှင်မသိဘူး"

နိုင်သန့်ရှင်းက သက်ပြင်းရှိုက်သည်။ တောင်းပန်လိုက်မှ ပိုရောင့်တက်သွားသည်။

"နောက်တစ်ခါ မဖြစ်စေရဘူး"

စောစောကတည်းက ဒိတ်ပြေနေပြီးဖြစ်သော ထွဋ်မှာတော့ သူ့ဘက်က တောင်းပန်စကားတွေအတွက် ဝမ်းသာလုံးတွေ ဆို့ချင်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



သူကိုစကားမဆိုဘဲ နှုတ်ခမ်းလေး တင်းတင်းစေ့ကာ လျှောက်သွားသော စုးကိုကြည့်ပြီး သူ့ရင်ထဲမှာ အတိုင်းမသိ ကြည်နူးမိသည်။

စုးဟာ မှန်းရခက်သော ကောင်မလေးပါလား။ ချက်ချင်း ပဲ စိတ်ပြေသွားတာကို သူပင် အံ့သြရသည်။

အိုက်တင်မခံဘဲ မေမေရှိရာလျှောက်သွားတော့ သူ နောက်ကလိုက်လာရင်း ဆံပင်တွေကိုသပ်ကာ တစ်ဦးတည်း ပြုံးနေ မိသည်။

"စုး သီချင်းနားထောင်မှာလား"

"ထွန်း ပရိသတ်တစ်ယောက်တလေတောင် မရှိဘူး၊ သနားဖို့ကောင်းနေပြီ သိလား"

စုးတစ်ယောက်ပဲ သည်းညည်းခံ နားထောင်ပေးရင် ကျေနပ်သည်။

"ဝင့်ပဲ"

ထွင့်မျက်နှာလေးကို အတင်းလိုက်ကြည့်နေတော့ တမင်





သူ့ကိုမကြည့်ဘဲ နေမိသည်။

တစ်ခါတလေတော့လည်း မှုချင်မိသေးတာပေါ့။ ထွင့် လည်း မိန်းမတစ်ယောက်ပါပဲ။

ခခယယလုပ်နေရင်း စိတ်တွေမြောက်တက်ကာ ဘဝင် အကျကြီး ကျနေမိသည်။

"တစ်ပုဒ်ပဲ နားထောင်ပေးမယ်"

"ကျေးဇူးတင်ပါတယ်"

ထွင့် ကျေနပ်အောင် ရှင်တစ်သက်လုံး ချော့မှာလား ဟိုရှင်းရယ်၊ ပြောင်းလဲသွားမှာ ထွင့် သိပ်ကြောက်နေပြီ။

x x x x



www.burmeseclassic.com

www.burmeseclassic.com



ဝိုးဝိုး - ၁၉၄၅

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟင် ကိုရှင်းရယ်၊ ဘယ်လိုလဲ ချွေကတွန်နေပါလား၊ မှုန်ဝါးဝါးနဲ့ လုပ်ပါဦး"

စုးက တီဗွီကို မျက်မှောင်ကုတ်လေးနှင့်ကြည့်ပြီး ဆိုလေသည်။

"ဆောင်းတွင်းဆိုတော့ သူလည်း ချမ်းလို့တုန်နေတာပေါ့၊ လွယ်ပါတယ်၊ စောင်ခြုံပေးထားလိုက်"

နိုင်သန့်ရှင်းက စုးကိုစ၏။ စုးက နှုတ်ခမ်းလေးကိုက်ကာ "ချမ်းလို့တုန်တာ ဟုတ်လား" ဟု သေချာအောင် ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ရတယ်၊ ပြီးရော၊ မီးဖိုပြီး မီးကင်ပေးလိုက်မယ်၊ အချမ်းပြေသွားအောင် ဒီလောက်တုန်နေတာ တွေ့မယ်"

စူးက မတ်တတ်ရပ်လိုက်တော့မှ နိုင်သန့်ရှင်း ထိတ်ဖျာစွာ တားလေသည်။

"ဟာ မလုပ်ပါနဲ့ လျှော့နေပါ့မယ်၊ စိတ်လျှော့"

မေမေက သူတို့စကားကို ရယ်နေသည်။ မေမေက စာအုပ်ဖတ်မပျက်။ ဖွင့်ထားသော တီဗွီကို ကျောခိုင်းပြီး စာဖတ်တတ်တာ မေမေ့ အလေ့အကျင့်တစ်ခုပါပဲ။

"တော်ပြီ၊ ဟိုကြက်တူရွေး ကားလေးပဲ ပြန်ကြည့်တော့မယ်"

စူး၏စိတ်တွေက သူများတွေနှင့် သိပ်မတူဘဲ ထူးဆန်းနေတတ်ပါသည်။ ဟိုတစ်နေ့ကလည်း ကျားသစ်ကလေးနှစ်ကောင်ပါသော ဇာတ်လမ်းလေးကို နှစ်ခါပြန်ကြည့်ပြီး မျက်ရည်ကျလေသည်။

"ဇာတ်လမ်းပဲ ငိုစရာလား"





"စူး သနားလို့ပါ၊ သိပ်သနားစရာကောင်းတာပဲ"

"အရူးမ"

သူ ရွံ့ချတော့မှ ရှက်ရှက်နှင့် အငိုရပ်လေသည်။ သူလည်း သနားမိတာပါပဲ။ စူးလိုတော့ မျက်ရည်မလွယ်ပေ။

စူးစိတ်တွေ ပုံမှန်တစ်သမတ်တည်းမရှိ။ အတက်အကျ အနိမ့်အမြင့် သိပ်မြန်ဆန် ပြင်းထန်လွန်းပါသည်။

ဘာမဟုတ်တာလေးကိုပဲ ပုံကြီးချဲ့ကာ အကြီးအကျယ် ခံစားအားငယ်နေတတ်သလို ကြီးကြီးမားမား ကိစ္စတွေမှာလည်း သူများလောက် မခံစားတတ်ဘဲ ထုံပေပေနှင့် သွေးအေးနေတတ်လေသည်။

ဒါတွေကို သိထားတော့ သူသနားသည်။ အမြဲပဲ သူမအတွက် အရင်တွေးပေးနေဖြစ်သည်။ ဖြည့်ဆည်းပေးချင်သည်။ ဆေးမလက်တွဲခေါ်ချင်သည်။ လိုအပ်တာမှန်သမျှ ရှေ့ကရပ်ပြီး ထုပ်ဆောင်ပေးချင်သည်။ အကြောင်းရာတွေက အင်နှင့်အားနှင့် ယိုလျှံ စိတ်ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စူး"

"အင်း"


"စူးအကြောင်းတွေ ပြောပြပါလား"

"စိတ်ဝင်စားစရာ မကောင်းပါဘူး၊ ပျင်းဖို့ကောင်းတယ်"

သူမဘာဝကို သူနားထောင်ကြည့်ချင်သည်။ စာနာမှုများ
စွာနှင့်ပါ။ သို့ပေမယ့် စူးက ပြောဖို့ ရည်ရွယ်ပုံရ၏။ သို့သိပ်
လျှို့ဝှက်ထားချင်သည်။ ဒါဟာ သူ့အပေါ် သူ့စိမ်းဆန်ခြင်းပါပဲ

× × × ×







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

"အင်း ဘာတွေလုပ်နေတာလဲ"

မိုးလင်းစ ခဏလေးမှာပဲ သူလေးနားကို စူး ရောက်လာခဲ့ပါသည်။ တကယ့်ကို ခုမှမိုးလင်းတာ။

စူးက ကားဘေးလာရပ်ပြီး တအံ့တသြလေး မေးသည်။ သူ့ကိုလည်း တည့်တည့်ကြည့်နေတာမို့ ရုတ်တရက် သူ့မျက်နှာက မထိရှူင်ဖြစ်ရတာကြောင့် ကျောပေးထားသော နောက်ခုံထဲကအိတ်ကို သပ်သပ်ရပ်ရပ် ပြုပြင်နေလိုက်၏။

"အဖေကြီးနိုးသွားတော့ ပျင်းရပြီမှတ်တာ၊ အဖော်တွေ ငြီးဆိုပြီး ပြေးဆင်းလာတာ၊ ဒါက ဘယ်ကိုသွားမလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူက အသက်မှန်မှန်ရှူလိုက်ပြီးမှ အပိုရိုဆုံးပုံစံနှင့် စူးကို လှည့်ကြည့် ရင်ဆိုင်လိုက်၏။

ခေါင်းစွပ်ပါသော ဆွယ်တာအညိုလေးနှင့် လိုက်ဖက်လွန်းသော ပုံစံလေးကိုကြည့်ကာ ငိုင်ကျွေးမောသွားရသည်။

ဘယ်တော့မဆို သူ့နှလုံးသားကို ယိမ်းထိုးလှုပ်ရှား မူးရီသွားအောင် ဖမ်းစားနိုင်သော မျက်လုံးစိုနက်နက်ကလေးများ။

ရင်နှင့်မဆန့်အောင် ချစ်ရတာ ဘာမိုင်းနဲ့ ခွဲရမှာလဲ။ ဘယ်ရှုထောင့်ကကြည့်ကြည့် တရားပါတယ် စူးရယ်။

"စူး ကော်ဖီသောက်ပြီးပြီလား"

"ဟင့်အင်း"

လက်ကလေးပိုက် ခေါင်းယမ်းပြတော့ သူ ပိုပိုချစ်ရပါသည်။ ပွင့်လင်း ကလေးဆန်ပုံလေးက သူ့ရင်ကို ချိုမြိန်စေပါသည်။

"လာလေ ကော်ဖီသွားသောက်ရအောင်"

စူးက သူ့ကိုရယ်ပြပြီး ခေါင်းခါ၏။





"သွားမတိုက်ရသေးဘူး၊ မျက်နှာလည်း မသစ်ရသေးဘူး"

"ဟာကွာ ညစ်ပတ်လိုက်တာ"

ရှုံ့မဲ့သွားသော သူ့ကို စူးက တခစ်ခစ် သဘောကျသည်။

"ဘာလို့ အဲဒီလိုဆင်းလာရတာလဲ"

"ကိုရှင်းကို မြင်လို့"

စူးက သူ့ကိုကြည့်ပြီး ဆက်ပြောသည်။

"ကိုရှင်း အပြင်ထွက်သွားရင် မမိမှာစိုးလို့"

"ကဲ သွားသစ်တော့"

"ဟွန့် မညစ်ပတ်ပါဘူး၊ ညတာအိပ်ရာဝင်တော့ သေချာတိုက်ထားတာ သိလား၊ အခု ဒီအတိုင်းနေလည်း ရတယ်"

"ဟာ မနေပါနဲ့၊ ကျွန်တော် ရွံတယ်"

တရင်းတနှီးစလိုက်တာကို စူးက ရှက်စနိုးလေး ဖြစ်သွား၏။ သူ့ကို မထိန်းနိုင်ဘဲ မျက်စောင်းလေးရွယ်သည်။

"ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသွားပါဘူး၊ စူးကို ပြန်ပို့ပြီးမှ သွားမှာ"

"ခရီးထွက်မှာလားဟင်"

ကားထဲကို လှမ်းကြည့်ပြီး စူးစူးစမ်းစမ်း မေးသည်။

"အင်း"

သူ ပြီးစလွယ် ခေါင်းညိတ်လိုက်၏။ ရှည်ရှည်ဝေးဝေး ရှင်းပြလို့မဖြစ်ပါ။

"ပျော်စရာလေးနော်"

ခရီးထွက်မှာခိုတော့ သူမက သဘောကျနေပြန်သည်။ သူ့အကြံအစည်ကိုသာ သိလျှင် ဘယ်လောက် ဆေါသဖြစ်လိုက်မလဲ။ မဟုတ်မခံ မျက်လုံးလေးတွေမှာ ဟန်ကိုမြင်ရသည်။

"စူး"

"ဟင်"

ခေါ်တုန်းက လှမ်းခေါ်မိပြီး ပြောစရာစကားလည်း အသင့်ဖြစ်မနေ။ အမှန်တော့ မသိစိတ်ထဲကနေ ခေါ်လိုက်တာ။ နှုတ်ခမ်းများက ယောင်ယမ်းခုန်ထွက်သွားတာပါ။ ကြိုကြိုတင်တင်





တောင်းပန်ချင်စိတ်နှင့် မရည်ရွယ်ဘဲ ခေါ်လိုက်မိတာ "ဟင်" ဟု ထူးလိုက်မှပဲ သူခေါ်လိုက်မိတာကို သူကိုယ်တိုင် လန့်သွားရသည် အဖြစ်။

"ဘာလဲ"

သူမ မေးတာကို ရယ်ကျဲကျဲ ပြောင်ချော်ချော်နှင့် ခေါင်းခါပြရသည်။

"ဘာကြီးမှန်းလည်း မသိဘူး"

သည်နေ့မနက် သူ့အပေါ် အင်မတန် ကြည်လင်နေတာကို မကြာခင်ကလေးမှာ လက်လွှတ်ဆုံးရှုံးရတော့မှာ နှမြောစရာကောင်းပါဘိ။

ဟိုနေ့တွေတုန်းကတော့ အဖုအထစ်လေးတွေနှင့် သူနှင့် စူး အဆင်မပြေခဲ့ပါ။ ပြုံးနေသော မျက်နှာလေးကို သူ အမြတ်တနိုး ခပ်ကြာကြာ ကြည့်နေမိလေသည်။

ထူးဆန်းစွာ စူးကလည်း သူ့ကို ငေးငေးစိုက်စိုက်ကလေး ပြန်ကြည့်နေသည်။ ဘယ်လိုဖြစ်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ထွန့် စိတ်တွေက တကယ်ပဲ ငြီးငွေ့နေပြီလား ဟင်။

ထွန့် မပြန်ချင်တော့ဘူး။

ပြန်သွားပြီးရင် အခြေအနေတွေဟာ မျှော်လင့်သလို ဖြစ်လာပါတော့မလား ရင်တုန်လိုက်တာကွယ်။

ရှင်လည်း ခရီးထွက်မှာတဲ့။ ရှင့်ကို လွမ်းရမှာပဲ။ ထွန့် သိနေပါပြီ။ ဒါပေမယ့်

မငိုချင်ပါဘူး ကိုရှင်းရယ်။

အတူတူ ရှိနေကြတဲ့ အချိန်ကလေးကို သာယာစေချင်ပါတယ်။

ပြန်သွားပြီးရင် ထွန့်ကို ရှင်က မေ့သွားမှာလားဟင်။ ရှင့်ရင်ထဲကို ထွန့် ကြည့်ချင်လိုက်တာ ဘယ်အတိုင်းအတာအထိ ရှိနေသလဲဆိုတာ ရှင်လိုလူက ထွန့် စိတ်ကောက်စိတ်လုပ်တာကို သိချင်းဆိုပြီး ချော့လိမ့်မယ်လို့ အိပ်မက်တောင် မမက်ဖူးဘူး။ ထွန့် ဘဝမှာ အမှတ်တရရပါ။





ဘယ်သူကမှ အရေးတယူ မရှိခဲ့တဲ့ နှလုံးသားလေး အကျင့်ပျက်ပြီး အကြင်နာဆိုတာ တောင့်တလာခဲ့ရင် ထွန့် ရင်ကွဲရမှာပါ ကိုရှင်းရယ်။

သူများတွေနဲ့ မတူတဲ့ ထွန့် ဘဝကို ထွန့်ပဲ အသိဆုံးပါ။ တစ်ယောက်နှင့် တစ်ယောက် စကားဆုံးမှပဲ ငြိမ်သက်ကာ ငေးစိုက်ကြည့်နေမိသည်။

သူတို့နှစ်ယောက်ကို အသံပြုခေါ်လိုက်ရမှာပင် ခေါ်ခင်မမ ဝန်လေးသွားရသည်။

အသာကလေး ထမင်းစားခန်းဘက် ပြန်လှည့်ဝင်ခဲ့သည်။ သားနဲ့သမီးက ဘယ်လိုပါလိမ့်။ သားက ထွန့်ကလေးအပေါ် ဘယ်လိုသဘောထားပါလိမ့်ဟု တွေးမိလာသည်။

သားစိတ်ကိုလည်း ခေါ်ခင်မမ နားလည်နေသလိုပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ဝိုဝိုး - ၈၁၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကားကို ဖြည်းဖြည်းမောင်းနော် သား"

"ဟုတ် စိတ်ချပါ မေမေ"

ဒေါ်ခင်မမက ခုထက်ထိ စူး လက်ကလေးကို မလွှတ်သေးပေ။ စောစောကလည်း မခွဲနိုင်မခွာရက် ငိုကြပြီးသား။ ကားစက်နှိုးပြီးမှ မေမေနှင့် စူးကို ငဲ့ကြည့်ကာ

"ကဲ ကဲ သား၊ ဘယ်တော့ မောင်းရမလဲ ပြော"

စိတ်ပင် မရှည်ချင်တော့။ ဒါတောင် တော်တော်ကလေး ဆွဲဆန့်ထားခဲ့တာပါ။

အဖြစ်သည်းသည်ဟု မဆိုချင်ပေမယ့် နည်းနည်းတော့



www.burmeseclassic.com

www.burmeseclassic.com



လွှန့်ပြီ ထင်ပါသည်။ သူမှာ စက်နှိုးလိုက် ပြန်သတ်လိုက်နှင့် သုံးလေးငါးကြိမ်မကတော့ပြီ။

စိတ်ပေါက်ပေါက်နှင့်"ဒီလောက် လွှမ်းမနေနဲ့ မေမေ၊ သားက စူးကို အပြီးခိုးတော့မှာ"ဟုတောင် ပြောချလိုက်ချင်ရဲ့။ နှုတ်ခမ်းကို မနည်းကြီး စေ့ပိတ်ထားရသည်။ ပြောချင်စိတ်က ရင်ထဲမှာ အလုံးအရင်း။

မေမေက စူးကိုမပြီးနိုင်သောမှာတမ်းရှည်ကြီး ဆိုသည်။ စူးကလည်း ငိုထားတာ နှာဖျားလေးပင် ရဲတွတ်နေပါပြီ။

"ဟူး"

ကြားထဲက သူ သက်ပြင်းမောချဖြစ်သည်။ သူ့မှာလည်း သူ့စိတ်လှုပ်ရှားမှုနှင့် သူပါ။ အစစအရာရာ အဆင်ပြေဖို့ ဆုတောင်းနေရသည်။

ပြန့်ပိုလို့ မဖြစ်တော့လို့ပါ စူးရယ်။ နားလည်ပေးပါ။ သေးတိုက်မြင်နေရသော မျက်နှာလေးကို မျက်လုံးထောင့်စွန်းနှင့် ကြည့်ကာ တောင်းပန်မိပါသည်။ သူ့ဆုံးဖြတ်ချက်ကို စူးက





နားလည်ပါ့မလား သဘောတူ ကျေနပ်ပါ့မလား။ ဘာတွေ ရင်ဆိုင်ရမည်လည်း မသိနိုင်။

"သွားမယ်"

စူးဆီက ငိုသံပါကလေးနှင့် အမိန့်ကျလာမှ သူ ကားစက်နှိုးသည်။ မေမေက ဒေးဒေးကလေး လက်ပြကျန်ရစ်၏။ စူးက မျက်ရည်တွေ အကုန်အစင် သုတ်ပစ်သည်။

"အိမ်ရောက်ရင် စူး ဘာလုပ်မလဲ"

သူ မေးကြည့်၏။ ပြောလာမည့် စကားများကို သူနား ထောင်ကြည့်ချင်ပါသည်။ စူးက နှုတ်ခမ်းလေးဘွန့်သွားအောင် ခဲလိုက်ပြီးမှ

"နားငြီးအောင် အဆူခံရမှာတော့ ကျိန်းသေပဲ၊ ဒေါ်မြိုင်မြိုင်ခက ပါးစပ်ကလည်း ဆူ၊ လက်ကလည်း ခေါက်ရင်ခေါက် ခေါက်ရင် သိပ်အကြာကြီး အဆူခံရမှာပဲ"

အရှိကို အရှိအတိုင်း သုံးသပ်ထားနိုင်တာလေးကတော့ ချီးကျူးစရာပါ။ သည်အခြေအနေကနေ ရုန်းမထွက်နိုင်တာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ အားမလိုအားမရ ဖြစ်မိပါသည်။

ဒါဟာလည်း ဘာမှုနားမလည်ခင် ကလေးဘဝကတည်းက အစွယ်ကျိုးခဲ့ရ၏။ ကြောက်စိတ် အားငယ်စိတ်နှင့် နောက်တော့ တဖြည်းဖြည်းနှင့် အရေထူသွားခဲ့ပုံ။ ဆူလည်း မဖြူ။ ရိုက်လည်း မပူ။ အကြောမာသွားခဲ့တာ နေမှာပါ။

ဝင်ကိုယ်စိတ်ကလေးကတော့ နူးညံ့သိမ်မွေ့လွန်းတာ သူ သိပြီးသားပါ။

"စူး စိတ်ညစ်ဖူးလား"

"ရှိနေပြီ"

"ဘယ်ဟုတ်မလဲ၊ စူး တစ်ခုခု ကြိုးစားစီစဉ်သင့်တယ်"

တားမောင်းနေသော သူ့ကို စူး လှည့်ကြည့်လာသည်။ သက်ပြင်းကလေးလည်း ရှိုက်သည်။

"စူးက သူတို့အရိပ်မှာ နေရတာ"

"ဒါဆို ဒီလိုပဲ အမြဲငုံ့ခံနေတော့မှာပေါ့"

စူးက သူ့ကို စိုက်ကာငေးကြည့်နေသည်။ သူ့အမေးကို





မပြေပါ။

"ဘာလို့ အဲဒီလောက် ကြောက်နေရတာလဲ စူး"

"လောလောဆယ် သူတို့က စူးကိုပိုင်တယ်၊ စူးက သူတို့ က်ထဲမှာ နေရတာပါ၊ ဘယ်လိုလုပ် ဆန့်ကျင်ရဲမှာလဲ၊ တစ်ခုခု ဆို စူးအခြေအနေက ပိုဆိုးသွားနိုင်တယ်၊ ပြီးတော့ သူတို့မကြိုက်တာ လုပ်ရင် သိပ်ချေပါဘူး၊ စူးက ဟိုဘက်အိမ်ကလေးမှာပဲ သွားသွား နေတယ်၊ ဆူစရာမဖြစ်အောင်လို့ပေါ့"

နိုင်သန့်ရှင်းက စူးစကားများကို ရင်နင့်စွာ နားထောင် နေမိသည်။

"လုပ်စရာရှိတာ လုပ်ပေးပြီးရင် သူတို့မျက်စိရှေ့ မနေ ဘာဘူး"

ကြားရတာတွေက သူ့ရင်ကို ပြင်းထန်သော မုန်တိုင်းလို ည်ငြိမ်အေးချမ်းခြင်း ကင်းမဲ့စေပါသည်။

"မဟုတ်သေးပါဘူး"

စူး ဘယ်လိုပဲပြောပြော သူကတော့ လက်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက စူး ပြောသလောက် တိမ်တိမ်ကလေးပဲ သိထားသူ မဟုတ်တော့ ပိုခံပြင်းမိသည်။

စူး ထိမ်ချန်ဖုံးကွယ်ထားသော ကိစ္စများကိုပါ ကြီးမြက ဘွင်းဘွင်းရှင်းရှင်း ပြောပြခဲ့ပြီမို့ ဘယ်နည်းနှင့်မှ စူးကို ပြန်မပို့နိုင်တော့ပေ။

အမှန်အတိုင်း ဝန်ခံရရင်တော့ စူး စိတ်ဆိုးမှာကိုတော့ သူ အင်မတန် ထိတ်လန့်ကြောက်ရွံ့ပါသည်။ သို့သော် စူးကို သူ ပိုင်ဆိုင်ခွင့်ရမှသာ ဒေါ်မြိုင်မြိုင်ခတို့ကို သူ ခပ်ပြတ်ပြတ် ရင်ဆိုင်လို့ရပါမည်။

စူးက သူ့ဇနီး ဖြစ်သွားလျှင် ဒေါ်မြိုင်မြိုင်ခတို့ ဘာမှ မတတ်နိုင်။

စူးဘဝကို နိုင်ချင်တိုင်းနိုင်ပြီး ချယ်လှယ်နှိပ်စက်ခွင့် မရှိပြီတော့။ သူ့အတွက် ရွေးချယ်စရာလမ်းက သည်တစ်လမ်းပဲ ရှိသည်လေ။

"ကိုရှင်း ဘယ်ကိုမောင်းနေတာလဲဟင်"





လမ်းဘေး တစ်ဖက်တစ်ချက်ကို အကဲခတ် လှမ်းကြည့်ပြီး သူ့ကို မေးလာသည်။

"သူငယ်ချင်းတစ်ယောက်ဆီ ခဏဝင်မလို့"

"ဪ ဪ"

သူ့စကားကို အကြွင်းမဲ့ ယုံကြည်သူလေးပါလား။ နောက်ထပ် တစ်ခွန်းမှ မမေးတော့ဘဲ ငြိမ်သက်ပါလာခဲ့တာ တစ်လမ်းလုံးပါပဲ။

"ဟင် သန်လျင်တံတားတောင် ရောက်လာပြီ၊ ကိုရှင်း သူငယ်ချင်းက သန်လျင်မှာလား၊ ကြိုလည်းမပြောဘူး"

နိုင်သန့်ရှင်းက တုံ့ပြန်စကားမဆိုဘဲ ကားကိုသာ ဂရုတစိုက် မောင်းလာခဲ့၏။ သူ့ရင်ထဲမှာ အတော်ကလေး လှုပ်ရှားနေခဲ့ပြီ။

ဘယ်လိုပဲဖြစ်ဖြစ် သိပ်မကြာခင် အချိန်ကလေးမှာ စူးနှင့် သူ ရင်ဆိုင်ရပါတော့မည်။

ခုထက်ထိတော့ သူမပုံစံလေးက စိတ်အေးလက်အေး



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်သာသာ။ ဒေါ်သတွေ ကင်းစင်နေ၏။

"သိပ်မကြာနဲ့နော်၊ ပိုပြီး အဆူခံနေရဦးမယ်"

နိုင်သန့်ရှင်းက စူးဘက်ကို ငဲ့ကြည့်၏။ တစ်ချက်ကလေ

ပါပဲ။ စူးမျက်လုံးလေးတွေနှင့်ဆုံတော့ ချက်ချင်း အကြည့်လွှဲမိ

သည်။

စူးက ကိုယ်လေး ရှေ့ကိုင်းကာ ဇက်ကလေးလိမ်ပြ

သူ့ကို အသေအချာကြည့်လာ၏။ သူ့အမူအရာကို လျှပ်တစ်ပြ

အတွင်းမှာ အကဲခတ်မိသွားပုံ။ သူမဟာ ပါးနပ်လိမ္မာသူ ကလေ

ပါပဲ။

"ကိုရှင်း"

"ဟင်"

"သိပ်ဝေးရင် စူး မလိုက်တော့ဘူး၊ စူးကို ပို့ပေးပြ

သွားပါလားဟင်"

"ဘာလို့လဲ"

"စူး အိမ်ပြန်ချင်ပြီ၊ ခုလောက်ဆို စူး ပြန်လာမှာ သိ





ပြီဆိုတော့ ဒေါ်မြိုင်မြိုင်ခတို့က စောင့်နေလောက်ပြီနော်၊ စူးကို

အရင်ပို့ပေးပါ"

"ရောက်ခါနီးပါပြီ၊ မကြာပါဘူး၊ ခဏလေးပါ"

တစ်ခုခုကို သတိရလိုက်ပုံနှင့် သူမ ကိုယ်လေးမတ်ကာ

သူ့ကို ဆတ်ခနဲကြည့်သည်။

"ဟိုအိတ်ကြီးလည်း ပါသေးတယ်၊ ဟင့်အင်း စူးကိုပဲ

အရင်ပြန်ပို့ပေးပါ၊ ကိုရှင်း ကားပြန်ကွေ့ကွာ"

သူမအသံလေးက စိုးရိမ်ကဲစွာ အလောတကြီးနိုင်လှ

သည်။

"ကိုရှင်း ပြန်ကွေ့ပါ၊ စူးကို အရင်ပို့"

စူး စိတ်လှုပ်ရှားသွားပုံရသည်။ တစ်စုံတစ်ခုကို သူမဘာ

သာ အဓိပ္ပါယ်ကောက် နားလည်လိုက်သလိုပါ။

စိတ်ထဲသိလိုက်ပေမယ့် ဖွင့်မမေးဘဲ အတည်မဖြစ်လို

သော ဆန္ဒနှင့် ခွတ်တောင်းဆို၏။

"ကိုရှင်း ဘယ်ကို မောင်းနေတာလဲ၊ ဘာလဲ ညာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်မှ ပိုပြီး သေချာသွားမှာကို စိုးရိမ်မိပါသည်လေ။

စိတ်ထဲမှာ သိတာကတော့ သိနေပါပြီ။ ကိုရှင်း အမူအရာက မှုမမှန်။

မျက်နှာတစ်ပြင်လုံး ငြိမ်သက်အေးဆေးစွာ ဟန်ဆောင်ထားပေမယ့် မျက်လုံးချင်းဆုံမိနိုက်မှာ သူ့အကြံအစည်ကို စူးရိပ် စားမိပါသည်။

"ပြန်လှည့်ပါ၊ ရှူး မလိုက်တော့ဘူး"

"မလှည့်ဘူးကွာ၊ ရောက်ခါနီးပါပြီဆို"

"ရှူး လိုက်မှမလိုက်ချင်တာ၊ ကားရပ်ပေး၊ ရှူး ပြန်တက်တယ်၊ ကားငှားစီးပြီးပြန်မယ်"

"အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့"

သူ့အသံက မာဆတ်ဆတ်။ ထွေး့ စိတ်ဆိုးသွားရတော့သည်။

"အဓိပ္ပာယ်မရှိတာတွေ ပြောနေတာက ရှူးမဟုတ်ဘူး၊ မဖြစ်နိုင်တာတွေ လုပ်နေတာကရှင်၊ ရှင့်ကို ရှူး မသက်ာဘူး





မလိုက်တော့ဘူး၊ ရပ် ရပ်၊ ဒါပဲနော်၊ ရှူး လုံးဝ ဆက်မလိုက်နိုင်တော့ဘူး"

လမ်းဘေးတစ်ဖက်ကို ကားရပ်ပြီး သူဆင်းလိုက်တော့ ထွေး့ အံ့သြသွား၏။ ဝမ်းလည်းသာမိပါသည်။

"ကဲ အချိန်မရှိဘူး၊ ဘာတွေတွေးပြီး ဘာတွေဖြစ်နေတာလဲ၊ မဆင်းချင်ရင်လည်း ကားထဲကစောင့်၊ ဟိုဘက်ကအိမ်ပဲ၊ ရောက်ပြီ၊ ဒီဘက်ကခြံလေးက ကိုယ်တို့ဝယ်ထားတာ၊ ရှေ့ သော့ ဆင်းကြည့်ချင်ရင် ကြည့်၊ မကြည့်ချင်ရင်လည်း သဘော၊ ကိုယ့် သူငယ်ချင်းဆီ ခဏသွားတွေ့မယ်"

ထွေး့ကလည်း ကားရပ်ကတည်းက ဆင်းပြီးသားမို့ သူပေးသော သော့ကို အလိုက်သင့် လှမ်းယူထားမိပါသည်။

သူက ထွေး့ကိုထားခဲ့ပြီး လျှောက်သွားသောအခါ စောစောက သံသယကြီးသွားတာကို ရှက်စနိုးလေးဖြစ်မိ၏။

ကိုရှင်းကဖြင့် ဘယ်လောက်ရယ်ချင်မလဲ မသိပါ။ ခြံဝင်းတံခါးသော့လေးကိုဖွင့်ပြီး တိုက်ပုပု ပြားပြားလေးရှိရာ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

ကားဘေးရပ်နေရမည့် အတူတူတော့ မထူးပါဘူးဟု တွေးကာ ခြံကလေးထဲ လျှောက်ကြည့်မိသည်။

ခြံကလေးရော အိမ်ကလေးရော နေချင်စရာလေးပါ။ သပ်သပ်ရပ်ရပ် လှလှပပကလေး။

ခြံနောက်ဘက်မှာက လမ်းနှင့်ဝေးသွားတာကြောင့်မသိ၊ ပိုပြီး အေးဆေးတိတ်ဆိတ်နေသည်။

ခြံဝင်းထဲကို ကားတစ်စီးဝင်လာသံ မှုးခနဲ ကြားတော့ ထွင့်က တိုက်ကလေးကိုပတ်ကာ အရှေ့ဘက်တို ပြန်လျှောက်လာသည်။

"ဟင်"

ခြံဝင်းတံခါးက သော့ခတ်ပြီး ပိတ်လျက်သား။ ကားဘေးမှာ ကျကျနနရပ်နေသော ကိုရှင်း။ သူ့မျက်နှာက ထွင့်ကို အတော်ကလေး ရယ်ချင်နေပုံ။

စိတ်ရှုပ်နေသည့်ကြားမှ ထွင့်ပုံစံလေးကို မရယ်ဘဲ မနေ





နိုင် ရှိနေပုံ။

"ဆောရီး ရှုးရယ်၊ အဲဒီလိုမလုပ်ရင် ဒေါ်မြိုင်မြိုင်ခတို့က ရှုးကို တခြားနေရာ ပို့ပစ်တော့မှာ၊ ကြီးမြက ဖုန်းဆက်ပြီး ပြောတယ်"

သူ့စကားများကို မျက်လုံးကလေး အပြုံးသားနှင့် နားထောင်ငြိမ်သက်နေလေသည်။

"ရှုးနဲ့ကိုယ် လက်ထပ်လိုက်ရင် ရှုးကို သူတို့မပိုင်တော့ဘူး၊ အိမ်ပြန်သွားရင် ရှုး ဒုက္ခရောက်မှာစိုးလို့ ရှုးကို ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ဘူး"

စကားတစ်ခွန်းမှမဆိုဘဲ သူ့ကို ငေးငေးစိုက်စိုက် ကြည့်နေတော့ သူ ထိတ်လန့်သွားမိတာ အမှန်။

"ရှုး စိတ်မဆိုးပါနဲ့၊ ရှုးအတွက် ကိုယ်ညာရတာပါ၊ ရှုး နားလည်ပေးပါ၊ ဒီမှာ တစ်ရက်နေမယ် ပြီးရင် နေ့ကုန်ပြန်မယ်၊ လက်ထပ်မယ်၊ ရှုးဖြစ်ချင်တဲ့ သီချင်းဆိုတဲ့အလုပ်လည်း လုပ်ပါ၊ ရှုးကို သူတို့နှိပ်စက်လို့မရရင် တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



စူးက ကျောက်ရုပ်လို ငြိမ်သက်နေသည်။ ပြီးမှ

"ရှင် ရူးနေပြီလား"ဟု တစ်ခွန်းချင်း မေးလာသည်။

"ဟုတ်မှာပေါ့၊ အဲဒါ အရေးမကြီးပါဘူး၊ စူး အိမ်ထဲဝင်ပြီး အေးအေးဆေးဆေး နားလိုက်ပါဦး"

"ဒါ ကလေးကစားစရာကိစ္စ မဟုတ်ဘူး၊ ရှင် ဘာလို့ ဒီလိုတွေ လျှောက်လုပ်ရတာလဲ၊ စူးဆန္ဒ စူးသဘော မေးသင့်ပါတယ် ကိုရှင်းရယ်၊ မဟုတ်သေးပါဘူး"

ထွဋ်က စိတ်လည်းညစ် ငိုလည်းငိုချင်။ ဒေါသလည်းဖြစ်သည်။ သူ ထွဋ်ကို တကယ်နှစ်သက်မြတ်နိုးနေရင်လည်း မနေ့ညကတည်းက ဖွင့်ပြောပြီး လက်ထပ်ခွင့် တောင်းပါတော့လား။

ခုတော့ ဒုက္ခရောက်မှာ ကြေညာရက်လို့။ ကယ်တင်ချင်လို့ လက်ထပ်ယူရမှာဆိုတော့ ထွဋ်ဘက်ကလည်း တွေးပေးပါဦး။

ဘယ်အချိန်တွေးတွေး ကျေနပ်စရာကို မရှိပါ။

ယောကျ်ားတစ်ယောက်ကို ချစ်မြတ်နိုးမှုပဲ လက်ထပ်ယူချင်ပါသည်။ တခြား ဘာကြောင့်မှ လက်မထပ်လိုပါ။





သူ့ဘက်ကလည်း အဲဒီလိုပဲ ဖြစ်စေချင်သည်။ ထွဋ်ကို ချစ်လို့ လက်ထပ်တာပဲ ဖြစ်ရပါမည်။ တခြားအကြောင်းအရာတွေ အရောအနှောမခံနိုင်ပါ။

"စူး ဆန္ဒကို မေးနေရင် ပိုပြီးရှုပ်ကုန်မှာ၊ ကိုယ်အလေးအနက် မထားတာ မဟုတ်ဘူး၊ အဖြစ်သင့်ဆုံး အလုပ်ကို ဆုံးဖြတ်လုပ်လိုက်တာ၊ ကိုယ့်ကိုနားလည်ပေးပါ စူးရယ်"

ထွဋ်က သူ့ကို တွေတွေကြီး စိုက်ကြည့်နေမိသည်။

ချစ်တယ်ဆိုတာလေးကို ဖွင့်ပြောဖို့ ရှင် ဝန်လေးနေသလား ကိုရှင်းရယ်။

ရှင်နဲ့ထွဋ်ကြားမှာ အရေးကြီးဆုံး လိုအပ်ချက်ကိုမှ ရှင်က ဘာလို့ မေ့လျော့ထားရတာလဲ။ ဘာလို့ ချန်လှပ်ထားရတာလဲ။

ထွဋ်ကို ရှင်မချစ်ဘူးလား။ ကယ်တင်ချင်တဲ့ စေတနာတစ်ခုပဲ ရှင့်ရင်ထဲမှာ ရှိနေသလား။

တွေတွေးမိတော့ ရင်ထဲလှိုက်တက်ကာ ငိုချင်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စူး အိမ်ပဲပြန်မယ်"

"အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး"

သူက ယတိပြတ် ပြောလာသည်။ သူ့မျက်နှာမှာလည်း ဆုံးဖြတ်ချက်က ခိုင်ခိုင်ကျည်ကျည်။

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ကိုရှင်းနဲ့ စူးနဲ့ ရန်မဖြစ်ချင်ဘူး"

"ကိုယ်ကလည်း စူးနဲ့ ရန်မဖြစ်ချင်ပါဘူး"

"အဲဒါဆို ပြန်ပို့ပေး"

"လုံးဝမဖြစ်နိုင်ပါဘူး၊ အားလုံး သေချာစဉ်းစားပြီးမှ ဆုံးဖြတ်တာ၊ စူး ခေါင်းမမာချင်ပါနဲ့၊ ဘယ်လိုပြဿနာပဲဖြစ်လာ ဖြစ်လာ ကိုယ် ရင်ဆိုင်ရဲတယ်နော်၊ တစ်ခုပဲ ပြောထားမယ်၊ စူး အေးအေးဆေးဆေး နေပေးပါ၊ ကိုယ့်စကား နားထောင်ပါ၊ ဒါပဲ"

ချာခနဲလှည့်ကာ တိုက်ကလေးထဲ ရောက်သွားသော သူ့ကို တစ်ခုခုနှင့် ကောက်ပေါက်ချင်လောက်အောင် စူး စိတ်ဆိုး မုန်းတီးမိပါသည်။

စူးကို အရေးမလုပ်တာ စိတ်အနာဆုံးပါပဲ။





သူသဘောတစ်ခုတည်းနှင့် ထွဋ်ကို ကလေးလို သဘော ထားပြီး လူရာမသွင်းတာကို ဘယ်တော့မှ ခွင့်မလွှတ်ချင်။

"လက်ထပ်ပါရစေ စူးရယ်"ဟု ဆိုလာလျှင် ထွဋ်က ငြင်းမှာတဲ့လား။

ခြံထောင့်ရှိ ခုံတန်းကလေးမှာ ဝုန်းခနဲထိုင်ချပြီး တစ်ယောက်တည်း အကြာကြီး နေပစ်လိုက်ပါသည်။

ကြီးမြက သူ့ဆီ ဖုန်းဆက်ပြီး ဘာတွေပြောခဲ့လို့ သူက ခုလို ဆုံးဖြတ်ထားရတာလဲ။ ကြီးမြကလည်း ကြီးမြပါပဲ။ ရိုးအီနေသော ကိစ္စကို ပုံကြီးချဲ့ပြီး သူ့ကို သွားပြောရသည်လို့။

ကြီးမြကိုပါ ရောနှောပြီး စိတ်တိုချင်သည်။ ပြောစရာရှိ သည်း ထွဋ်ကို ပြောရောပေါ့။ ထွဋ်မှာတော့ ဘာမှသိခွင့်မရ။ ကြီးမြက ထွဋ်ကိုကျော်ပြီး သူ့ကို ပြောပြအသိပေးခဲ့သည်။

ဒေါ်မြိုင်မြိုင်ခတို့ကတော့ ဘယ်လောက်ပြင်းပြင်းထန်ထန် ကြိမ်းမောင်းခြောက်လှန့်နေသလဲ မသိနိုင်။

အတွေးပေါင်းစုံနှင့် စိတ်တွေရှုပ်ထွေးလာ၏။ လောလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ် ဘာဆက်လုပ်ရမှန်း ဆုံးဖြတ်မရနိုင်။ နိုင်သန့်ရှင်းကို ဖြန်း စားကြီး လက်ထပ်ရမှာ တွေဝေနေမိသည်။

"ဟိုတ် လာလာ အိမ်ထဲဝင်တော့၊ အိမ်ထဲရောက်မှ ဆက်စဉ်းစား၊ ခုလောက်ဆို မေမေနဲ့ ဖေဖေလည်း စိတ်ပူနေမှာပဲ"

နိုင်သန့်ရှင်းက မနေသာဘဲ လာထွက်ခေါ်ပါသည်။ စိတ် မချတာလည်းပါမည်။

"ဟင် အန်တီ မသိဘူးလား"

"ဘယ်သိမလဲ၊ သိရင် လွှတ်မလား၊ မင်းကွာ ဘာတွေ မေးမှန်းလည်းမသိဘူး၊ မမေ လက်ခံမှုဖြင့် မင်းကို အိမ်ထဲဝှက်ထား ရုံပဲ"

"မသိဘူးလေ"

ခုတော့လည်း စူးပုံစံလေးက သိဝ်ပြီး တုန်လှုပ်ကြေကွဲ နေဟန် မရှိတော့ပေ။ သူမ အကျင့်အတိုင်း ထုံပေပေဖြစ်နေပြီ ထင်ပါရဲ့။

"စူး"





"ဟင်"

နိုင်သန့်ရှင်းက စူးကို သေသေချာချာကြည့်လာ၏။ အရေး တကြီး တစ်ခုခုပြောတော့မည့်ဟန်။

ထွဋ်က မျက်လွှာလှန် မော့ကြည့်ပြီးမှ အကြည့်လွှဲထား လိုက်၏။

"လူကြီးတွေ ရောက်လာပြီး မေးလာကြရင် စူးသဘောနဲ့ စူး လိုက်လာတာလို့ပြောနော်၊ အဲဒါ အရေးကြီးကယ်"

"မပြောဘူး၊ အမှန်အတိုင်း ဖြေမယ်"

"ဟာကွာ၊ အဲဒီလောက် မရက်စက်ပါနဲ့"

"စူးပြန်ပို့ခိုင်းတာ မပို့ဘဲ ဖွတ်ခေါ်လာတာ ပြောရမှာပဲ"

သူ့ကို အမြင်ကတ်ကတ်နှင့် ထွဋ် ခြိမ်းခြောက်မိလေ သည်။ သူက အနည်းငယ် တုန်လှုပ်သွားပုံရသော်လည်း ချက်ချင်း ပဲ ဟန်မပျက် ရယ်မောလျက်

"သဘောပဲလေ စူး သဘောပါပဲ"ဟု ခွင့်ပေးလိုက်၏။

ထွဋ်သဘောဆန္ဒကို အရေးတယူမရှိသော သူ့ကို ထွဋ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကလည်း လေးလေးနက်နက် မထားဘဲ ခပ်ပေါ့ပေါ့ ဆက်ဆံပစ်ဖို့ စိတ်နာနာနှင့် ဆုံးဖြတ်မိပါသည်။

ဒါမှလည်း ထွဋ်ကို သူစာနာတတ်လာမှာပါ။

ကြည့်ပါလား။ သူတစ်ယောက်တည်း ကျိတ်စီစဉ်ပြီး ထွဋ်ကို ခေါ်လာခဲ့တာ။

ထွဋ်ကို ရှင်ဘာလို့ အဲဒီလို ပေါ့ပေါ့သဘောထားရတာလဲ။

ပစ်စလက်ခတ် လုပ်ချင်ရတာလဲ ကိုရှင်းရယ် ဟင်။

× × × ×







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဘေးနားမှာ ခြေစုံလာရပ်သောသူကို ထွင့် မော့မကြည့်မိပေ။ ခုံပေါ် အရုပ်တစ်ရုပ်ချထားသလို မရွေ့တမ်း မလှုပ်တမ်း ထိုင်နေပစ်လိုက်တာ၊ ကြာလာတော့ ခါးရိုးထဲက နာလာသည်အထိ။

"ထမင်းစားလို့ရပြီ"

သူ့စကားကို လုံးဝမကြားသလို နေပစ်၏။ လွန်ခဲ့တဲ့ အစ်မာရီကျော်ကျော်ကတည်းက ခုလိုပဲ စကားပြောခဲ့ပါသည်။

"တစ်ခုခုစားဖို့လုပ်ကွာ၊ မီးဖိုထဲ ဘာရှိလဲမသိဘူး၊ ဗိုက်ဆာပြီကွ၊ စူး သွားကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖွတ်လာပြောသေးသည်။

ထွင်းက လုံးဝမကြားသလိုနေတော့ သူလက်လျှော့ကာ ကိုယ်တိုင်ဝင်ရောက် မွှေနှောက်ရှာဖွေကာ ဘာတွေလုပ်နေမှန်းမသိ။ ခုတော့ အဆင်သင့်ဖြစ်ပြီတဲ့။

"ကြက်ဥရှိတယ်၊ ငါးလုံးမှာ နှစ်လုံးပဲကောင်းတယ်၊ သုံးလုံးက ပုပ်နေပြီ၊ ငါးခြောက်ရှိလို့ ကော်သေးတယ်၊ လာပါ ထမင်းစားမယ်"

ထွင်းက လှုပ်ပင်မလှုပ်။ နေမြဲအတိုင်း ကျောက်ရုပ်လို

"ရှူး"

ခါးကိုင်းချပြီး ပခုံးကို ဖွဖွလှုပ်ယမ်းခေါ်တော့မှ သူလ ကို ဖယ်ပစ်လျက်

"မစားဘူး"

ဟု အော်ပစ်သည်။

"မရဘူး၊ စားရမယ်"

သူက ဖွတ်မှိုတ်ပြောချသည်။ ထွင်းကိုလည်း ထမင်းစ





ဆီ ပွေ့ချီခေါ်ဆောင်သွားဖို့ ကြိုးစားလာ၏။

"မစားဘူးဆိုနေ၊ ဖယ် ဖယ်"

နိုင်သန့်ရှင်း လက်ထဲကနေ ထွင်း ရုန်းထွက်မိပါသည်။ သူက အလျှော့မပေးဘဲ ထွင်းကို မရမက ပွေ့ချီခေါ်လာခဲ့၏။ ထမင်းစားပွဲက ခုံမှာ အသာချပေးသည်။ ရှက်စိတ်နှင့် မွန်ထူပြီး ထွင်း မျက်ရည်ကျသည်။

"ဟိတ်...ဟိတ် စား၊ မစားရင် နေမကောင်းဖြစ်မှာပေါ့"

ချော့ချော့မော့မော့နှင့် ဟင်းပန်းကန်လုံးတွေ ရှေ့တိုးလာသည်။

"မစားဘူးလို့ ပြောပြီးသား"

"နည်းနည်းဖြစ်ဖြစ် စားပါကွာ"

"လုံးဝမစားဘူး၊ ရှင် ထွင်းကို အနိုင်မကျင့်ပါနဲ့၊ ဟင့် ဟင့် ဟင့်"

ပြောပြောဆိုဆို ငိုချလိုက်တော့ နိုင်သန့်ရှင်း ဘာလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ။ ခြေမကိုင်မိ လက်မကိုင်မိနှင့် ထိတ်ထိတ်ပျာပျာ။

ထွင့်ကို အနိုင်မကျင့်ပါနဲ့တဲ့။ ဗီဗီသသကို ကြားလိုက်တာ။

လုံးဝ နားကြားမလွဲနိုင်ပါ။

နိုင်သန့်ရှင်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားရသည်။

ထွင့်ဆိုတာကို သေသေချာချာပင် သိနေသည်။ သို့ပေမယ့်

စဉ်းစားလို့ကို မရနိုင်။

ခေါင်းထဲမှာ ပူနေတာမို့ သဲသဲကွဲကွဲ မမှတ်မိပေ။

"ထွင့် ဟုတ်လား"

သေချာအောင်ပြန်မေးပေမယ့် ငိုနေသောစူးက ပြန်မဖြေ။

"တိတ်ပါ စူးရယ်၊ မစားချင်လဲနေ၊ ကော်ဖီဖျော်တိုက်

မယ်၊ တိတ် တိတ်၊ မငိုနဲ့တော့ကွာ၊ နောက်တစ်ခါ ဒီလိုတဖွတ်

ထိုးမလုပ်တော့ဘူး"

သူ လိုလိုချင်ချင် ကတိတွေပေးကာ ချော့မိသည်။ စူး

မျက်ရည်တွေမြင်ရတော့ ရင်ထဲစိတ်ထိခိုက်လှ၏။

စူးက ဆောင့်ခဲနဲ့ထွက်သွားပြီး ဧည့်ခန်းထောင့်မှာ ထိုင်ချ





ပြီး ဆက်ငိုနေသည်။

သူလည်း ထမင်းမစားဖြစ်ဘဲ စိတ်ပျက်လက်ပျက် ကြည့်

နေမိ၏။

သူချော့တော့လည်း စူးက မတိတ်ပေ။

"စူး တော်တော့ကွာ၊ ခေါင်းကိုက်လိမ့်မယ်"

စိတ်ထိခိုက်ဟန်နှင့် မျက်နှာပျက်ကာ စိုးရိမ်စိတ် စွန်းထင်

နေတာကိုမြင်ရတော့ ရင်ထဲမှာ တစ်ဝက်လောက် သနားစိတ်ဝင်

သည်။

ကျန်တစ်ဝက်လောက်ကတော့ စူးကို အနိုင်ကျင့်လေခြင်း

ဟု စိတ်ဆိုးဒေါသဖြစ်၏။

ဘာကိုမဆို သူ့သဘောနှင့် သူလုပ်တာတော့ မုန်းပါသည်။

"လာပါ စူးရယ်၊ ထမင်းစားရအောင်"

"မစားပါဘူးဆို"

နိုင်သန့်ရှင်း အနည်းငယ် ပြုံးသွားရ၏။

စိတ်ညစ်ပြီး ငိုနေတာထက်စာရင် စိတ်ဆိုးပြီး ရန်လုပ်



www.burmeseclassic.com

www.burmeseclassic.com



လာတာက သူ့စိတ်ကို သက်သာရာရစေပါသည်။

"အိမ်ပြန်မယ်"

"ဟာ"

ဂုန်းခနဲ မတ်တတ်ရပ်ပြီးဆိုလာတော့ နိုင်သန့်ရှင်း ထိတ်ခနဲ ဖြစ်ရ၏။

စိတ်မအေးနိုင်တော့ဘဲ သူမအေးနား ရောက်သွားရလေသည်။

"ကျေးဇူးပြုပြီး မဟုတ်တာ မပြောပါနဲ့၊ မဖြစ်နိုင်တာကို မတောင်းဆိုပါနဲ့၊ လိမ္မာပါ စုးရယ်၊ ကိုယ်တောင်းပန်ပါတယ်"

သူမ ပခုံးလေးကို ဖွဖွဆုပ်ကာ မျက်လုံးလေးတွေထဲ စိုက်ကြည့်လျက် တောင်းပန်လိုက်သည်။

စုးက သူ့လက်တွေကို ဖယ်ချ၏။

အကြမ်းပတမ်းတော့ မဟုတ်။

ပြီးတော့ တစ်ဖက်လှည့်ကာ ငြိမ်သက်နေသည်။

"စုး ဒုက္ခရောက်သွားမှာ စိုးလို့ပါ"





"အိုး မကြားချင်ဘူး"

နားနှစ်ဖက်ပိတ်ထားပြီး အော်လှတ်သည်။

ထိုစကားက ရင်ကို ဓားနှင့်မွန်းသလို စပ်ဖျဉ်းဖျဉ်းဖြစ်စေပါသည်။ ခံရခက်လှပါသည်။ သနားစိတ်နှင့် ကယ်တင်လက်ထပ်ခြင်းကို ထွန်း ဘယ်လိုမှ လက်ခံလို့ကိုမရ။

သည်စကားကို ထပ်တလဲလဲဆိုနေခြင်းဟာ ထွန်းဘဝအခြေအနေကို ဆယ်မိနစ်လောက်ဖြစ်ဖြစ် မေ့ထားချင်သည်။ ဒါဆို သူ့အများရှိနေတာကို ထွန်း တွေ့နပ်ပါလိမ့်မည်။ ခုလို တနုံ့နုံ့နှင့် နာကျင်နေရမည် မဟုတ်တော့ပေ။

"ဒီမျက်ရည်တွေကလည်း မကုန်နိုင်ဘူး၊ တော်ကြာ အိမ်ပါရေမြုပ်သွားဦးမယ်၊ တိတ်ပါတော့ချာ၊ ဘယ်လိုပြောရမလဲ"

သူစလိုက်တာကို မျက်ရည်တွေကြားမှ ထွန်း ပြုံးလိုက်မိသည်။ ထွန်း နှလုံးသားက သူ့အပေါ်ဆို အင်မတန် ညွတ်ပျောင်းတွယ်ငင်လွန်းလှပါသည်။

"မိုက်ဆာလှပြီ၊ လာပါ ထမင်းစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ထွန်္ဒကနံရံကိုမှီချပြီး နိုင်သန့်ရှင်းကို အကြာကြီးစိုက်ကာ ငေးကြည့်နေသည်။ သူ့ရင်ထဲ တစ်မျိုးကြီး ဖြစ်လာရ၏။ ပူနွေး လှုပ်ခတ်လာသောစိတ်ကို ထိန်းမရချင်။ စူးမျက်လုံးတွေက သူ့ ရင်ခုန်သံတွေ ကျယ်လောင်မြန်ဆန်စေပါသည်။

နိုင်သန့်ရှင်းက သူ့လက်ဖဝါးတစ်ဖက်နှင့် ထွန်း့မျက်လုံး တွေကို ကာပစ်လိုက်ပါသည်။ ခံနိုင်ရည် မရှိတော့လို့ပါ။ စူး စိတ်ဆိုးသွားအောင် သူမလုပ်ချင်ပါ။ အစကတည်းက ဒေါသနှင့် ငိုရှိုက်စိတ်တိုနေပြီးသားမို့ နာကြည်းမုန်းတီးသွားမှာကိုပင် စိုးရပါ သည်။

"မကြည့်နဲ့ကွာ"

စူးကို ခပ်တိုးတိုး တောင်းပန်လိုက်သည်။

"ကိုယ်စိတ်မထိန်းနိုင်ရင်ခက်မယ်"

လက်ဖဝါး ဖယ်လိုက်တော့ သူ့စကားနားထောင်သလို မျက်လွှာချနေတာကို မြင်ရ၏။ သူ သက်ပြင်းမောရှိုက်မိသည်။

"ဟော့ ထမင်းစားရအောင်"





သူမလက်ချောင်းလေးများကို ဆွဲပြီးခေါ်တော့မှ မထချင် ထချင် ခြေလှမ်းစသည်။

"ကိုယ့်ကို စိတ်ရှုပ်အောင် မလုပ်ပါနဲ့စူးရယ်"

"ရှုးသွားအောင်ကို လုပ်ပစ်ချင်တယ်"

နှုတ်ခမ်းလေးကိုကိုက်ပြီး ရေရွတ်ပုံက မခံချိမခံသာ ဖြစ်နေရတာ သိသာ၏။

"ရက်စက်လိုက်တာကွာ"

စူး မျက်စောင်းကို သူ ရယ်ချင်နေမိသည်။ တကယ့် တကယ်ကျတော့ မင်းလေးဟာ ထင်မှတ်ထားတာထက် ပိုပြီး ချစ်စရာကောင်းနေပါလား ချစ်သူရယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

မေမေ့ အခင်ဆုံးသူငယ်ချင်း ရွှေနေဦးသန်းမော်ဆီကို နိုင်သန့်ရှင်းက ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြလျက် အကူအညီတောင်းသည်။

သူဖုန်းဆက်နေတာကို ထွဋ်ရှကာ မျက်လုံးလေးအပြူးသားနှင့် လှမ်းကြည့်နေပေမယ့် ဘာတစ်ခုမှ ဝင်မပြောပေ။

"ဟာ မဟုတ်ဘူး အန်ကယ်၊ ဇင်ဇင်ခ မဟုတ်ဘူး၊ ရှပ်ကုန်ပြီ"

လူကြီးချင်းပြောဆိုထားကြတာက ဇင်ဇင်ခနှင့်မို့ အန်ကယ်ဦးသန်းမော်ကလည်း အဲဒီလိုပဲထင်ကာ ရယ်နေသေး၏။ သူငြင်း

www.burmeseclassic.com



လိုက်တော့မှပဲ

"ယော"ဟု တအံ့တသြ ဖြစ်ရလေသည်။

"ဒါဆို ဘယ်ကောင်မလေးလဲ၊ မင်းကွာ လူကြီးတွေ စိတ်ပူနေတော့မှာပဲ၊ ပြော ပြော ဘယ်က ကလေးမလေးလဲ၊ သားတို့ အခုဘယ်မှာလဲ၊ ရှင်းရှင်းပြောစမ်းပါကွ"

အလောတကြီး စိတ်လှုပ်ရှားမေးတာကို နိုင်သန့်ရှင်းက ရယ်နေနိုင်သေး၏။ သူကတော့ လုံးဝကို စိတ်မပူပေ။ သူ့အနားမှာ စူးက ရှိနေခဲ့ပြီပဲ။

"စူးဆိုတဲ့ ကောင်မလေးပါ"

"အေး ပြော၊ ဘယ်ကလဲ"

သူက ရယ်သံနှင့်ပြောသည်။ တစ်ဖက်က မေးသံနှင့် ပြန်မေး၏။

"ဇင်ဇင်ခတို့အိမ်က ကောင်မလေးပါပဲ"

"ယော အဲဒီမှာ စူးဆိုတာ မကြားမိပါလား"

နိုင်သန့်ရှင်းက ပြောရခက်သွားသလို ဆံပင်တွေ ပွတ်သပ်နေမိသည်။





စူးဘဝ အခြေအနေမှန်ကို စူးရှေ့မှာ ပြောချဖို့ ဝန်လေးအားနာနေသည်။

"မှိ ပူစူးကို ပြောတာပါ"

"ဘယ်လို အန်ကယ် မရှင်းဘူးကွာ"

သည်ထက်ရှင်းအောင် သူမပြောပြတတ်တော့။

"ဖေဖေတို့ကို ပြောပေးပါ၊ စိတ်ချပေးပါလို့၊ ကျွန်တော်ဒီမှာပဲ နေဦးမယ်၊ တော်ကြာ စိတ်ပူနေမှာစိုးလို့"

အန်ကယ်ဦးသန်းမော်က သက်ပြင်းရှိုက်၏။

"အေးလေ ဒီအခြေအနေရောက်မှတော့ စိတ်ချပေးရမှာပေါ့သား၊ ပြောပြီးလိုက်လာခဲ့မယ်၊ လိပ်စာပြော"

"အန်ကယ် စာချုပ်ပါယူခဲ့နော်၊ ဟိုဘက်က တကယ့်ပြဿနာတွေ၊ ကိုယ့်ဘက်က ဗိုင်မှ"

"ငါသိပါတယ်ကွာ၊ မင်းကလေးမလေးကကော ကြည်ဖြူလို့လား"

"ဟုတ်"

"ဒါဆို ဘာမှအရေးမကြီးဘူး၊ စိတ်အေးအေးထား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အန်ကယ်"

နိုင်သန့်ရှင်းက အိမ်လိပ်စာကို တိတိကျကျပေးလိုက်

ထွင့်မှာတော့ သူ့ကိုငေးကြည့်ကာ ကြောင်စီစီကြီး ဖြစ်နေသည်

ဖြစ်ပျက်နေတာတွေက အိပ်မက်လိုလို ဘာလိုလို။

ဒေါ်မြိုင်မြိုင်ခကို တွေးတော့ ပန်းလေးမသိမသာ ကျ

သွားမိ၏။ သေးသေးဖွဲ့ဖွဲ့ကလေးကိုပင် နေစရာနေရာမရှိအော

ဆွဲငေါက်ထုရိုက်တတ်တာ။

သည်လိုမျိုးကိုယ့်ဘက်က အမှားရှိရှိ မှားမှားနှင့်ဆို အ

ကြိတ်ပစ်မလား မပြောတတ်ပါ။ ဒေါ်မြိုင်မြိုင်ခဆီကို ထွင့် ဘ

နည်းနှင့်မျှ ပြန်လို့မရနိုင်တော့ပေ။

အနာဂတ်ကာလတွေ ရွေးချယ်စရာလမ်းကို ရှာဖွေ

သည်။

ထွင့်ကို ချစ်စကားတစ်ခွန်းမဆိုသော လူတစ်ယောက်

လက်ထပ်ဖို့ရာ အင်မတန်ဝန်လေး တွန့်ဆုတ်နေမိလေသည်။

× × × ×





www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဖေဖေရယ်၊ မေမေရယ်၊ ဦးသန်းဖော်ရယ်၊ ပြီးတော့ လူကြီးသုံးလေးဦးရှေ့မှာပဲ နိုင်သန့်ရှင်းက စာချုပ်ပေါ် လက်မှတ်ထိုးသည်။ သူ့ပုံစံက စိုးစဉ်းမျှ တွေဝေ တုန့်လှုပ်နေးကွေးခြင်းမရှိ။

အစကတည်းက ယတိပြတ် ဆုံးဖြတ်ထားပြီးခဲ့ပုံရလေသည်။ ထင့်မှာသာ မျက်နှာကလေး ငိုမဲ့မဲ့နှင့် ငြင်းရအခက် လက်ခံရအခက် ဒွိဟဖြစ်နေရလေသည်။

မျက်စိရှေ့ ရောက်လာသော စာချုပ်ကို ငေးကြောင်ကြောင်ကြည့်နေမိသည်။ လူကြီးတွေရှေ့မှာ ခေါင်းယမ်းငြင်းဆိုလိုက်လျှင်သူ အရှက်ရသွားနိုင်သည်။ ပြီးတော့ အန်တီခင်မမ၊ အန်တီခင်မမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်သွားအောင် မလုပ်ရက်ပေ။

သို့ပေမယ့် နိုင်သန့်ရှင်းကို သူမ အလွယ်တကူ မလိုက်လျောချင်ပါ။

"သမီးနေကောင်းရဲ့လားဟင်"

အန်တီခင်မမအသံက သူမနလုံးသားထဲအထိ စိမ့်ပျံ့ဝင်ရောက်သည်။

အကြင်နာသံ။ ကရုဏာသံ။ ထိုအသံအောက်မှာ ခေါင်းမာချင်သော စိတ်ကလေး ငုပ်လျှိုးပျောက်ကွယ်သွားရ၏။

မျက်ရည်ဝိုင်းသော မျက်လုံးများနှင့် နိုင်သန့်ရှင်းကို မော့ကြည့်မိပါသည်။ တောက်ပသော အပြုံးနှင့် ခေါင်းဆတ်ပြတာကို မြင်ရ၏။

ထင်နှင့်က ဘောလ်ပင်လေး လက်ထဲကိုင်ထားပြီး ငြိမ်နေသည်။ အန်ကယ် ဦးသန်းမော်က မထင်မှတ်ဘဲ စကားစလာသည်။

"သမီးနာမည် ဘယ်သူ၊ စုး ဟုတ်လား"





ကြည့်သည်။

ထွန်းက အန်ကယ် ဦးသန်းမော်ကို အသာအယာ မော့ကြည့်သည်။

"ဟင် သမီးပါလား"

အန်ကယ်ဦးသန်းမော်အသံက အထိတ်တလန့်။

မျက်နှာလည်းပျက်သည်။

"သမီး ထွန်း"

ထင်နှင့်က ကဗျာကယာ ခေါင်းငုံ့ချထားပြီး အနေကျုံ့သွား၏။ နိုင်သန့်ရှင်းက တအံ့တဩနှင့် စုးကိုကြည့်နေသည်။

မနေ့တုန်းကလည်း သူကိုယ်သူ ထွန်းဟု ယောင်ယမ်းသုံးနှုန်းလိုက်တာ သတိထားမိခဲ့၏။ စုးက သူတို့ကို ဘာတွေထိမ်ချန်ထားခဲ့ပြီလဲ။

မေမေနှင့်သူ အကြည့်ချင်းဆုံမိကြပါသည်၊ စုးကလည်း သူနှင့် မေမေ့ကို ဝေ့ခနဲ ကြည့်လေ၏။

"ကိုမောင် ခင်ဗျားချွေးမက ပုစုးမဟုတ်ပါဘူး၊ ထွန်းပါ



www.burmeseclassic.com

www.burmeseclassic.com



မေထွေး်သာ”

“ထွေး်ဂေဟာရဲ့ တစ်ဦးတည်းသော သမီးဗျ”

ဦးသန်းမော်က အန်ကယ်ဦးမောင်ကို သူသိသမျှ ပြောချ၏။ နိုင်သန့်ရှင်းမေမေက နားမလည်နိုင်အောင်ရှိသည်။

ထွေး်ကတော့ ခါးသီးသော အတိတ်ကို ပြန်မကြားချင်တော့သလို မသိချင်ယောင်ဆောင်နေလိုက်သည်။

နိုင်သန့်ရှင်း မျက်လုံးထဲမှာ ‘ထွေး်’ဟု ပီပီသသ ထင်ထင်ရှားရှား ရေးထားသော စာလုံးကို ပြန်မြင်ယောင်လာသည်။

ခင်ခင်ခန့်ခြံကို ပထမဆုံးအကြိမ် ရောက်သွားစဉ်က

အဲသည်တုန်းက ထိုစာလုံးကို သူ နားမလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

ချက်ချင်းပဲ အရာရာကို ဆက်စပ်နားလည်မိကာ အံ့အားသင့်ရလေတော့သည်။

စိတ်ထဲမှာတော့ ထင်တော့ထင်နေမိသား။ စူး ပုံစံလေးက တစ်ခုခု ရင်ထဲရှိနေသလို မပွင့်တပွင့် သဏ္ဍာန်လေး။





ကိုယ့်ကို ဘာကြောင့် ဒါတွေ အသိမပေးခဲ့သလဲ။

ထွေး်ဂေဟာကြီးထဲမှာ ထွေး်က ဘာမှမဆိုင်သော အလုပ်သမားတစ်ဦးလို နေထိုင်ကြီးပြင်းခဲ့ရတာ ရင်နာဖွယ်ကောင်းပါဘိ။

“ထွေး် ဘာလို့ မှုစုံးလို့ ပြောရတာလဲ သမီးရယ်၊ လောကကို ရဲရဲရင်ဆိုင်စမ်းပါတော့လား၊ ထွေး်က ဒီလိုနိမ့်နိမ့်ကျကျအထဲက မဟုတ်ပါဘူး”

“ထွေး်မိဘရင်းတွေက ထွေး်ကလေးကို သိပ်ချစ်ကြတာပါ၊ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြလို့ သူစိမ်းတွေနဲ့ ကြီးပြင်းရရှာတာ”

ဦးသန်းမော်အသံက ကြေကွဲဝမ်းနည်းဟန်။ ယူကျုံးမရဖြစ်ဟန် အထင်းသားပေါ်လွင်နေ၏။

ဦးမောင်နှင့် ဒေါ်ခင်မေက ငြိမ်သက်နေသည်။ ထွေး်က ခေါင်းငုံ့ပြီး နှုတ်ခမ်းတွေ တင်းတင်းစေ့နေ၏။

မေထွေး်သာ၏မေမေ ဒေါ်ဖြူဖြူမာဆုံးသွားပြီး ကလေးပေါက်စနလေးနှင့် ကျန်ရစ်ခဲ့သော ထွေး်၏ဖေဖေ ဦးမိုးထွေး်သာက ဒေါ်မြိုင်မြိုင်ခကို လက်ထပ်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြိုင်မြိုင်ခမှာလည်း ဇင်ဇင်ခဆိုသော သမီး တစ်ယောက် ရှိခဲ့လေသည်။

နောက်တော့ သိပ်မကြာဘဲ ဦးစိုးထွဋ်သာ ဆုံးသွားပြန် တော့ ဒေါ်မြိုင်မြိုင်ခက ဦးကောင်းဇင်ကို လက်ထပ်ခဲ့တာမို့ ထွဋ် အတွက် ဘယ်လိုမှ မဟန်တော့ဘဲ ဘေးရောက်သထက်ရောက် ကာ သူစိမ်းမိသားစုနှင့် နေထိုင်ကြီးပြင်းလာခဲ့ရလေသည်။

ဒေါ်မြိုင်မြိုင်ခကလည်း မေထွဋ်သာကို ပူစူးဟုခေါ်စေခဲ့ပြီး အိမ်ဖော်တစ်ဦးလို သဘောထား စေခိုင်းခဲ့၏။

သိတတ်စကတည်းက ဒေါ်မြိုင်မြိုင်ခ၏ ပုံသွင်း ဖိနှိပ်မှု အောက်မှာ ထွဋ်ဘဝလေး ပြားပြားဝပ်ကာ နလန်မထူနိုင်အောင် ဦးကျိုးခဲ့ရလေသည်။

ဦးသန်းမော်ရှင်းပြသော ထွဋ်အကြောင်းတွေကို ထွဋ်က မဆိုင်သူတစ်ယောက်လို ထုံပေပေ နားထောင်နေ၏။

"သမီးရယ် ဖြစ်မှဖြစ်ရလေ"

ဒေါ်ခင်မမက ရင်မဆံ့အောင်သနားပြီး မျက်ရည်ကျသည်။





"ဘာစာချုပ်စာတမ်းမှလည်း မရှိခဲ့ဘူး၊ သိပေမယ့်လည်း ဘာမှမတတ်နိုင်ဘူး၊ ဒီကလေး သိပ်နစ်နာနေပြီဆိုတာ သိတယ်၊ စိတ်မကောင်းဖြစ်ရတယ်၊ ဒါပေမယ့် မတတ်နိုင်ခဲ့ဘူး၊ ခုတော့ သိမ်ဝမ်းသာတယ်ဗျာ၊ တကယ်ပါ၊ ဦးမောင်တို့ ဒေါ်ခင်မမတို့နဲ့ဆို ကလေးမလေး သိပ်ကံကောင်းသွားပြီ"

အားတက်သရော ပြောနေတာကို ထွဋ်က မျက်လုံးလေး ရွှေကြည့်၏။

"ကဲ ကဲ လက်မှတ်ထိုးလိုက်ပါဦး၊ အားလုံး စိတ်အေး သွားရအောင်၊ နောက်မှ အေးအေးဆေးဆေး စကားပြောတာပေါ့"

သူမ မျက်လွှာချကာ စာချုပ်ပေါ် လက်မှတ်ထိုးသည်။

"သမီးလေးက ရှက်နေပြီထင်တယ်"

ဒေါ်ခင်မမစကားကြောင့် ထွဋ်မျက်နှာလေး ထူအမ်းသွား ရသလိုပါ။

"ခုမှပဲ အန်တီ စိတ်အေးရတော့တယ်ကွယ်"

ထွဋ်က နိုင်သန့်ရှင်းကို မကြည့်မိအောင်နေသည်။ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ကို မကျေနပ်နိုင်ပေ။

"ဒါဆို ထွင့်ရဲဂေဟာမှာ ထွင့်လည်း အမွေဆိုင်တာပေါ့"

ဦးသန်းမော်နှင့် အဖော်ပါလာသော လူကြီးတစ်ဦးက ဝင်ပြောလာသည်။

"ဟုတ်တာပေါ့၊ အမှန်ဆို ထွင့်က အဓိကဆိုင်တဲ့သူပဲ"

နိုင်သန့်ရှင်းက ဖွဖွပြုံးလိုက်ပြီး...

"ရပါတယ်၊ ဓနဘဝကို အစစအရာရာ ကျွန်တော်က တာဝန်ယူနိုင်ပါတယ်၊ ကျွန်တော်တို့အတွက် အဲဒါတွေ သိပ်အရေးမကြီးပါဘူး"

ဟု ဆိုလာတော့ လူကြီးတွေက ကျေနပ်စွာပြုံးသည်။

"ထွင့်ကတော့ ဖေဖေ မေမေတို့ရဲ့အမွေကို လိုချင်ပါတယ်၊ သိပ်ကိုမက်တယ်၊ ဘာလို့လဲဆိုတော့ ရသင့်ရလိုက်တယ် ထင်လို့ပါ၊ အမှတ်တရအဖြစ် လိုချင်ပါတယ်ရှင်"

ခေါင်းလေးထောင်ကာ တောင်းဆိုလိုက်တာကို သူက ရယ်ချင်သလို ကြည့်နေ၏။





ဟိုတုန်းကတော့ ထိုကိစ္စသည် ထွင့်အတွက် အရေးမကြီးလှပါ။ ခုတော့ သူပိုင်စိုးပိုင်နင်း ပြောလိုက်တာကို အလိုမကျဘဲ ဆန့်ကျင်သောစကား ဆိုမိတာပါ။

သူ့ကို ဆန့်ကျင်ချင်သည်။ ဘယ်လိုစိတ်ပါလိမ့်နော်။

သတ်သတ်မှတ်မှတ် ဘာစာချုပ်စာတမ်း သဘောတူညီချက်မှ မရှိခဲ့တာကြောင့် အမှန်ဆို ခေါ်မြိုင်မြိုင်ခက ထွင့် တောင်းဆိုမှုကို လိုက်လျောမည်မဟုတ်ပါ။

"အင်း ဒီကိစ္စကို အန်ကယ်တို့ ဆောင်ရွက်ကြည့်ပါ့မယ်"

"ဘာလုပ်ရမှာလဲစူးရယ်၊ ပေးမှာလည်းမဟုတ်ဘူး၊ အလကားပဲ စကားအဖော်တင်နေဦးမယ်၊ သူတို့နဲ့ လုံးဝကင်းကင်းပဲနေရအောင်၊ မယူပါနဲ့၊ မတောင်းပါနဲ့"

"အို ဒါ ထွင့်ရသင့်တဲ့ အခွင့်အရေးပဲ၊ မက်ပါတယ်လို့ ပြောပြီးသား"

"ကျွတ် ကတ်နေပြန်ပြီ"

သူ့ကို တမင်ကပ်ဖွဲ့တိုက်ကာ ဖွတ်လုပ်နေမှန်း နိုင်သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သိသွားပြီမို့ အသာကလေး နောက်တစ်လှမ်းဆုတ်ကာ ဝင်မပြော တော့ဘဲ နေလိုက်၏။

သူက မယူပါနှင့်ဆိုမှ သူမက ငမ်းငမ်းတက်ရအောင် တောင်းဖို့ ဆုံးဖြတ်လိုက်ပုံ။ စူးရယ် မင်းသိပ်ဆိုးပါလား။

ဘယ်နေရာလေးမဆို သူ့ကို ဂျစ်ကျရမှ။ ခုတိုက်ရမှ၊ ဆန့်ကျင်ရမှ။

ဘယ်တုန်းက ဒီလိုစိတ်ရိုင်းဝင်သွားပါလိမ့်။ သူ့စေတနာ ကို စော်ကားပစ်ချင်စိတ် ပေါက်နေသည်ပဲ။ သူမရင်ထဲမှာ မကျေ နပ်ခြင်းက အလုံးအရင်း ခိုအောင်းနေလေသည်။

သူ့ဘာများ လုပ်မိသလဲ။ သူ့စေတနာက အဖြူရောင် သက်သက်။ သိပ်ကိုသန့်စင်လွန်းလှပါသည်။ ဘာအခွင့်အရေး မယူ။ ပါးဖောင်းဖောင်းလေးကို မွှေးရှိုက်ချင်သော ချစ်စိတ်ကိုပင် ထိန်းချုပ်ကာ သူ့အလျှော့ပေးသလို လိုက်ခဲ့ပါသည်။ သူမကို သနားလို့ပါ။

သူ့အပေါ် အထင်လွဲမှာ စိုးရိမ်လို့ပါ။





"အင်း လိုချင်ရင်လည်း သဘောပဲ"

အေးစက်စက်ပြောလာသော သူ့စကားကို ထွင့် ပီတိနှင့် ပြုံးမိပါ၏။

သူ့ကို စိတ်တိုအောင် လုပ်ချင်ပါသည်။ ကိုယ့်သဘော နှင့်ကိုယ် ဆုံးဖြတ်လုပ်ကိုင်ပြချင်သည်။

သူ့စကားကို နားမထောင်ချင်ပါ။

မျက်နှာကြီးသုန်မှုန်ကာ စိတ်အနှောင့်အယှက် ဖြစ်သွား တာကို ဘယ်လိုကျေနပ်မိမှန်း မသိပါ။

မှတ်ထား။ ထွင့်ကို အရေးမထားဘဲ မတိုင်ပင်ဘဲလုပ်ဦး။ မျက်စောင်းလေးရွယ်ကာ သူ့ကိုကြည့်လို့မရ။

လူကြီးတွေစကားဆိုနေတော့ ထွင့်က ဖျင်းသေ့စွာနေမိ၏။

သူကတော့ ညှို့ခန်းထဲဆင်းသွားပြီး ဘယ်ရောက်သွား မှန်းမသိပါ။

အန်တီခင်မမက ဒေါ်မြိုင်မြိုင်ခဆီ အသိပေးအကြောင်း ကြားဖို့ တိုင်ပင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွဋ်ရှကိုလည်း ခေါ်မြိုင်မြိုင်ခထံတွင် ခဏတာစ်ဖြုတ်ပင် ပြန်အပ်မထားနိုင်တာ ပွင့်ပွင့်လင်းလင်း ဆိုနေသည်။

ဒေါ်ခင်မမ အစိုးရိမ်ပိုနေတာကို ဦးသန်းမော်တို့က ရယ်လည်း ရယ်ချင်လျက် လက်မခံလို့လည်း မရအောင်ရှိ၏။

အားလုံးက ထွဋ်ရှအတွက် ဝိုင်းဝန်းစဉ်းစား စိတ်ပူနေကြတာကို ယုံမရအောင် ဖြစ်နေမိသည်။

ထွဋ်ရှကို ချစ်တဲ့သူတွေ အမှန်တကယ်ရှိလာပြီပဲ။

× × × ×







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

နိုင်သန့်ရှင်းတို့ အိမ်ကိုပြန်ရောက်သောအခါ ပထမတုန်းက နေခဲ့သောအခန်းမှာပင် သူမကနေဖို့ ရွေးချယ်၏။

သည့်အတွက် နိုင်သန့်ရှင်းနှင့် အချေအတင် ဖြစ်ရလေသည်။

"အဓိပ္ပာယ်မရှိဘူးကွာ၊ ကိုယ်တို့လက်ထပ်ပြီးသားပဲ၊ ညွှန့်နဲ့ကပ်လျက်က အခန်းကျယ်မှာ ပြောင်းနေကြမယ်၊ တစ်ယောက်တစ်ခန်းနေဖို့ မဖြစ်နိုင်ဘူး"

"ဟင့်အင်း ထွဋ်က တစ်ယောက်တည်းပဲ နေချင်တာ" သူမ ခွတ်တောင်းဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုဆို ထွင့်ကိုနှိပ်စက်မယ့်သူ၊ အနိုင်ကျင့်မယ့်သူ မရှိ
တော့ဘူး၊ အေးအေးဆေးဆေး ကြိုက်သလိုနေလို့ရပြီ၊ ရှင် ဖြစ်စေ
ချင်တာလည်း အဲဒါပဲ မဟုတ်လား"

သူကိုထွေ့လိုက်တာ သူသိပါသည်။

"ရှင်က ထွင့်ကို ကယ်တင်ချင်တယ် မဟုတ်လား၊ အခု
ထွင့်ဘဝလေး သိပ်ကိုအေးချမ်းသွားပြီ၊ ဒါကြောင့် တစ်ယောက်
တည်းပဲနေချင်တယ်၊ ပြောထားလိုက်ပါရဲ့၊ ဒုတိယ ဒေါ်မြိုင်မြိုင်း
မလုပ်ချင်ပါနဲ့၊ ရှင့်ကို ထွင့် မမုန်းချင်ဘူး၊ ကျေးဇူးရှင်လို့ပဲ သတ်
မှတ်ချင်တယ်"

ချည်လိုက်။ လှပေါ်နေပ်တဲ့ စကားလုံးနှင့် အသေသား
ချည်လိုက်ပါ ဒေါ်မထွေ့သာရယ်။

"ကျွန်မသနှကို ချုပ်ချယ်ရင် မုန်းတယ်၊ ကျွန်မ မကြိုက်
တာကို ဖွတ်လုပ်ရင် မုန်းတယ်၊ အနိုင်ကျင့် ဗိုလ်ကျတာကိုတော့
အမုန်းဆုံးပဲ"

ပြောရင်းပြောရင်းက ကျွန်မတွေ ဘာတွေပင် ဖြစ်လာ





တော့မည်။

နိုင်သန့်ရှင်းက ပျင်းရိသောမျက်လုံးများနှင့် စိုက်ကြည့်
နေသည်။

ခဏကြာတော့မှ

"ရပါတယ်"

ဟု ခပ်တိုးတိုးဆိုသည်။

"ကျွန်မ ဝါသနာပါတဲ့အလုပ်ကို အေးအေးဆေးဆေး
လုပ်ချင်တယ်၊ အဲဒါကိုလည်း ရှင်မစွက်ပါနဲ့၊ မကန့်ကွက်ပါနဲ့"

ထွင့်ကို သူ လက်နှစ်ဖက်မြှောက်ပြလိုက်သည်။

"မင်းသဘော"

သူ့မျက်နှာလေးက ကြည်နူးခြင်းတွေ လျှံဖိတ်တက်လာ
သည်။

"ရှင့်ကို ကျေးဇူးတင်ပါတယ်၊ တကယ်ပါ၊ ရှင်ဟာ
ထွင့်ဘဝရဲ့ ကယ်တင်ရှင်အစစ်ပါ"

တမင်ရိလိုက်တာကိုလည်း နိုင်သန့်ရှင်း နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်စာချုပ်တွေကော"

"ရှိသားပဲ"

ထွဋ်က သူ့အမေးကို ပြန်ဖြေရင်း တအံ့တသြလေးဖြစ်၏။

"ဘာဖြစ်လို့လဲ"

နိုင်သန့်ရှင်းက ခပ်မဲ့မဲ့ပြုံးလိုက်ကာ

"လွှင့်ပစ်လိုက်တော့"

ဟု မပီမသပြောလျက် လှည့်ထွက်သွားလေသည်။ ထွဋ်ရှုတ်ခမ်းတွေစေ့ကာ ပြုံးနေမိသည်။

ချစ်တယ်လို့ပြောရမှာ ရှင်ဝန်လေးနေသလား။

အောက်ကျနောက်ကျ နိုင်တယ်လို့ ထင်နေသလား။

ဟွန့် ရှင့်စကားနဲ့ရှင်။ သနားလို့ ကယ်တင်ချင်တာဆို။

ထွဋ် အသံထွက်အောင်ပင် ရယ်နေမိ၏။

× × × ×







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ထွဋ်တို့အိမ်ကြီးထဲမှာတော့ အရာရာက အပြောင်းအလဲမြန်လွန်းလှသည်။

မယုံနိုင်စရာပါ။

ဂစ်တာတီးပြီး သီချင်းဆိုကာ တစ်ယောက်တည်း နေတတ်ခဲ့သူက ထွဋ်ပါ။

ခုတော့ ထွဋ်စတိုင်လ်ကို အဘိုးက ညညဆို ဂစ်တာတီးပြီး သီချင်းဆိုနေတတ်သည်။

အဲယ်တုန်းကများ ထွဋ်စတိုင်လ်ကို သူ ကြိုက်သွားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ သူ့သီချင်းတွေက ထွန့်ကို ချော့နေသလို လို။ တောင်းပန်နေသလိုလို။

တစ်ခါတလေကျပြန်တော့လည်း မကျေမနပ် ပေါက်ကွဲသော သီချင်းများကို သူ ရွေးချယ် အော်ဟစ်နေတတ်သည်။

ဟိုတုန်းကဆို သူက ထွန့် ဆိုသမျှ အားပေးခံစားနေကျ။

ခုတော့ တစ်ပြန်တစ်လဲ ထွန့်က သူဆိုနေသမျှကို တိတ်တိတ်ကလေး နှိုးဇွက်နားထောင်နေရသည်။

တစ်အိမ်တည်းမှာ အတူတူရှိနေကြပေမယ့် ထွန့်က သူ့ကို ရှောင်နေသည်။

အန်တီခင်မမနှင့် အများဆုံးနေကာ သူ့ကို မသိမသာ တိမ်းရှောင်နေမိသည်။

သူကလည်း ထွန့်နှင့်ဆုံကြဖို့မကြိုးစားဘဲ အေးတိအေးစက် နေပြန်၏။

အပြိုင်အဆိုင် စိတ်လုပ်တင်းမာနေကြသော အခြေအနေကို အန်တီနှင့် ဦးမောင်ကလည်း ဝင်မစွက်ဘဲ အသာကလေး





အကဲခတ် စောင့်ကြည့်နေသည်။

သူတို့နှစ်ဦး ပြဿနာရှိနေကြတာကို သိသော်လည်း စပ်စုတာမျိုး ဝင်ပါပြောဆိုတာမျိုး လုံးဝမလုပ်။

သူမက စိတ်ထဲရှိသမျှ ကြိတ်မှိတ်မျိုသိပ်ကာ ဒေါ်ခင်မမရှေ့ တစ်ခွန်းမဟသလို နိုင်သန့်ရှင်းကလည်း ဘာမှမဖြစ်သလို ဟန်မပျက်နေကာ ဖွင့်ဟညည်းပြခြင်းမရှိ။

ဘယ်နေ့ ဘယ်အချိန်ကျမှ ဝုန်းခနဲ ပွင့်ထွက်လာမလဲ မသိနိုင်ပါ။

× × × ×

၈



www.burmeseclassic.com



www.burmeseclassic.com



## အခန်း (၁၄)

"ကိုရှင်း"

အခန်း၀ တံခါးပေါက်မှာ လက်ကလေးထောက်မှီကာ လှမ်းခေါ်လိုက်သော အသံကြောင့် ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးတို့ ရိတ်သင်လက်စနှင့် နိုင်သန့်ရှင်းက လှည့်ကြည့်သည်။

"မေး ဘာမေးမှာလဲ"

ဟု မေးလိုက်တော့ ထွဋ်က ပင့်သက်ကလေးရှိုက်ပြီး မဖြေဘဲ လှည့်ထွက်သွားလေသည်။

နိုင်သန့်ရှင်းက မှန်ရှေ့ပြန်လှည့်ကာ ပြီးပြတ်အောင် ဆက်လုပ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်ပြီးမှပဲ ထွန့်ရှိရာ ထမင်းစားခန်းကို လျှောက်လာသည်။

သူနှင့် ထွန့် စကားမပြောဖြစ်တာ ကြာပြီ။

မျက်နှာချင်း မဆုံအောင် တမင် ရှောင်နေခဲ့ကြသည်။

"ဘာလဲ ပြော"

ထွန့်က ထမင်းစားပွဲမှာ ထိုင်နေလျက်က သူ့ကို တစ်ချက် မော့်ကြည့်သည်။

"အခန်းထဲကမီးချောင်း ဖွင့်မရဘူး"

နိုင်သန့်ရှင်းက နှုတ်ခမ်းစေ့ကာ ပြုံးလိုက်သည်။

ထွန့်ကို လှောင်ပြောင်သရော်ချင်ပုံမို့ ထွန့် မျက်စောင်း ရွယ်မိသည်။

"အဲဒါ ကျွန်တော်က ဘာလုပ်ပေးရမလဲ"

ခပ်စိမ်းစိမ်း မဆိုင်သလို မေးလာသောအခါ ကုတ်ဖွဲ့ပစ်ချင်လောက်အောင် ဒေါသဖြစ်ရလေသည်။

အဲသည်အမှုအရာကို ထွန့် ခါးသီးမျက်ရှုလွန်းသည်။





"မေမေ့ကို ပြောပေါ့"

"ပြောပြီးပြီ၊ ရှင့်ကို ကြည့်ခိုင်းလိုက်တဲ့"

"ဪ ဪ"

ကြည့်ပါလား။

သူ့မျက်နှာလေးက လောကကြီးကို အသာစီးရနေပုံမျိုး။

"အဲဒါ ကြည့်ပေးပါ"

"ဟုတ်ကဲ့ တောင်းရှုးတင်ပါတယ်"

ထွန့်ကို ဘယ်အချိန်ကတည်းက ရွဲ့ချင်နေသလဲမသိ။

ထွန့်က သူ့ရှေ့မှ ထွက်လာခဲ့သည်။

သူက တစ်ယောက်တည်း ရယ်နေသည်။

အခန်းတံခါးတွန်းဖွင့်ကာ ထွန့်က ပြတင်းပေါက်လိုက်ကာ တိုပါ ဆွဲမလိုက်၏။

အပြင်ဖက အလင်းရောင် လုံလုံလောက်လောက် ဝင်အောင် လို့ပါ။

"စားပွဲပေါ်က မီးဖွင့်လို့ရလား"



www.burmeseclassic.com

www.burmeseclassic.com



မေးလည်းမေး စာကြည့်မီးတိုင်လေးကိုလည်း ဖွင့်ပြီးသား။ ခုတင်ခေါင်းရင်းနံရံမှာ ကပ်ထားသော ညအိပ်မီး ဝေါလင့်ကလေးကိုလည်း ဖွင့်ကြည့်သည်။

"မီးချောင်းက ဖြစ်တာလား၊ ခလုတ်က ဖြစ်တာလား မသိဘူး၊ မီးချောင်း ကျွမ်းပုံမရဘူး၊ ဖြုတ်စ်ဖြုတ်ပြီး ကြည့်ရမှာပဲ"

ထွန်းက စာကြည့်စားပွဲရှေ့မှာ ရှိနေသော ခုံကလေးမှာဝင်ထိုင်သည်။

"စတာတာတို့ ဘာတို့ သွားယူလာလေ၊ ကျွန်တော်က လက်နဲ့ ပြင်ရမှာလား"

အခွင့်အရေးရတုန်း ထွန်းကို ခပ်မာမာ နိုင်းသည်။

ထိုင်နေတာကိုကြည့်မရ၊ ရှေ့ဆိတ်သည့်သဘော။ မကြားသလိုလုပ်ကာ တစ်ဖက်လှည့်နေလိုက်၏။

"ဟိတ် ဘာလဲ၊ မလုပ်ပေးရဘူးလား"

သူ့ကို ထွန်း လှည့်မကြည့်ပါ။

မီးချောင်းမလင်းလည်း ထွန်းအတွက် အရေးမကြီး။





စာကြည့်မီးတိုင်လေး ဖွင့်ပြီးပဲဖြစ်ဖြစ်၊ ညအိပ် မီးလေးဖွင့်လို့ပဲဖြစ်ဖြစ် နေလို့ရနေသည်ပဲ။ သိပ်ပြီး အောက်ကျခံစရာမလို။

"ပြီးရောလေ ရတယ်"

နိုင်သန့်ရှင်းက ခပ်မော့မော့ ပြန်ထွက်သွားလေသည်။ ထွန်း နှုတ်ခမ်းစူ ကျန်ရစ်၏။

ရင်ထဲမှာမုန်းသည်။ ဘယ်လိုမုန်းမုန်းကိုမသိ။

ခဏကြာတော့ သူက တိတ်တဆိတ် ပြန်ရောက်လာပြီး လုပ်ပေး၏။

ဘယ်လောက်မှ မကြာလိုက်ရ၊ မီးချောင်းလင်းသွား၏။ သူက မီးချောင်းခလုတ်ကို ပြန်စီစစ်ပြီးမှ "ရပြီဟု"ဟုဆိုသည်။ ထွန်းက မီးချောင်းကိုဖွင့်ကြည့်သည်။

ထိန်ခနဲလင်းသွားတော့ ကျေနပ်သလို ပြန်ပိတ်ထားလိုက်သည်။

"မလိုချင်ဘူး၊ ကျေးဇူးက ဘာလုပ်ဖို့လဲ"

သူက အတော်လေး အောင့်သက်သွားပုံရကာ ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သိအောင်ပြောလိုက်နိုင်တာကို အရမ်းပျော်သွားမိသူက ထွင့်။

နိုင်သန့်ရှင်းက ခေါင်းတစ်ချက်ဆတ်လျက် တစ်ခုခုကို ဆုံးဖြတ်လိုက်သည်။

ထွင့်ရှေ့ ရုတ်တရက် တိုးကပ်ကာ ခေါင်းချင်းတိုက်လျက် နဖူးလေးကို မိမိရရ မွှေးရှိုက်လေသည်။ ထွင့် ရှောင်ချိန်မရလိုက်။

"မီးပြင်ခ"

ထွင့် မျက်နှာရဲတွတ်တွတ်ကလေးကိုကြည့်ပြီး အတိုးဆုံး သူက ရယ်လိုက်သည်။

သိပ်ကို ကျေနပ်သွားပုံ။

သူ့ကို တစ်ခုခုတုံ့ပြန်ချင်စိတ်နှင့် ထွင့် လူးလွန့်သွားရသည်။

တကယ်တမ်းကျတော့ ဘာလုပ်လို့ရမှာလဲ။ သူရိုက်လိုက်လျှင် အခြေအနေက ပိုမိုရှုပ်ထွေးသွားနိုင်သည်မို့ နှုတ်ခမ်းကို နာနာ ဖိကိုက်ပြီး စိတ်ထိန်းရသည်။





"တန်ပါတယ်နော် ကျေနပ်ရဲ့လား"

ပြုံးစစမေးတာကို ဗိုအသည်းယားသည်။

သူ့ကို ဘယ်လိုလုပ်စေချင်မှန်းကို မသိ။

ရင်ထဲမှာ ကျလိကျလိနှင့် နေရခိုးလှသည်။

"နောက်လည်း လိုအပ်တာရှိရင် ပြောပေါ့"

လှည့်ထွက်သွားသော သူ့ကို ထွင့် ငေးစိုက်ကြည့်နေမိ၏။

သူ့ အခန်းအပြင်ရောက်တော့ အပြေးကလေးသွားကာ တံခါးကို ပိတ်ပစ်လိုက်၏။

အေးစက်ထုံကျဉ်နေသော လက်ဖျားတွေကို သတိပြုမိမှ သူမ ဘယ်လောက်လှုပ်ခတ် တိမ်းမူးသွားသလဲဆိုတာ အလန့်တကြား သိသွားတော့သည်။

"ဘုရားရေ ထွင့် ဘယ်လိုဖြစ်သွားတာပါလိမ့်"

ရင်ဘတ်ကလေးဖိလျက် မျက်လုံးပြူးသွားရသည်။

သူ့အပေါ် ထွင့် သည်လောက်အထိ တိမ်းညွှတ်ကျေနပ် နှစ်ဝင်နေမိပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူသာသိလျှင် ဘယ်လောက်ဈေးကိုင် ဘဝင်မြင့်လိုက်မလဲကွယ်။

ထွင့် အချုံးကို ထွင့်က ဘွားခနဲ သိမြင်လိုက်ပါပြီ။

သူမမြင်အောင် ထွင့် ဘယ်လောက်ဟန်ဆောင်သိမ်းဆည်းထားရမလဲ။

ထွင့် စိတ်ပူသွားမိလေတော့သည်။

× × × ×





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ရှူး"

အခန်းဝမှာ မတ်မတ်ရပ်ပြီး ခေါ်လိုက်တာကြောင့် မှန်တင်ခုံမှာထိုင်နေသော ထွဋ်က လက်ထဲက ဘရပ်ရှ်ဘီးလေးချထားပြီး လျှောက်လာခဲ့သည်။

"ဘာလဲ"

နိုင်သန့်ရှင်းက ထွဋ်ကို ခပ်ငေးငေးကြည့်သည်။

သူ့အကြည့်က တစ်မျိုးကြီးပါ။ အဓိပ္ပါယ်တစ်ခုခုပါဝင်နေသည်။ ထွဋ် နားမလည်။

"အန်ကယ်ဦးသန်းမော် ရောက်နေတယ်၊ ရှူးနဲ့ တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ ခေါ်မြိုင်မြိုင်ခတ်နဲ့ ညှိပြီးပြီထင်တယ်၊ သွားတွေ့လိုက်ပါ"

ထွန်းက နိုင်သန့်ရှင်းကို စူးစူးလက်လက် ကြည့်နေသည်။ ထိုကိစ္စကို သူတကယ်ပဲ တားမြစ်ချင်တာလား။

သူသဘောမတူတာမှန်လျှင် ထွန်းကလည်း ဖွတ်ရှေ့တိုးဖို့ မစဉ်းစားတော့ပေ။

ဝေးဝေးငိုင်ငိုင်ရှိသော သူ့ကိုကြည့်ကာ ဝန်လေးသွားမိသည်။

"သွားလေ ဖေဖေလည်းရှိတယ်"

မျက်လွှာချကာ ခြေစုံရပ်နေသော သူမကို နိုင်သန့်ရှင်း ပြုံးပြလိုက်၏။

သူ့အပြုံးက ဝိပြင်ရဲ့လားမသိ။

အားနည်းနေမလား။ ဟန်ဆောင်ပြုံးများ ဖြစ်နေရော့သလား။

"ကိုရှင်း"

"ဟင်"





"တကယ်မယူရဘူးလား"

သူ့ကို မလွှဲတမ်းကြည့်ပြီး မေးလိုက်တာမို့ ရုတ်တရက် သူမပြောတတ်။

"သဘောပဲလေ၊ စူးသဘောပါ၊ လိုချင်တယ်ဆို"

ထွန်းက အသာကလေး ခေါင်းညိတ်ကာ လှည့်ထွက်သွား၏။

နိုင်သန့်ရှင်းတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ညှော်ခန်းကိုလည်း လိုက်မသွားချင်ပါ။

ထိုအကြောင်းအရာကို သူ စိတ်မဝင်စားပေ။ မက်လည်း မမက်ပါ။

အရေးကြီးတာက သူနှင့် စူး အေးချမ်းသောဘဝလေးကို တည်ဆောက်နိုင်ဖို့ တစ်ခုတည်း။

လောလောဆယ် သူနှင့်စူး အဆင်မပြေသေး။

စူးက သူ့အပေါ် မကျေမနပ် ဖြစ်နေသည်။ အဲဒီလိုအချိန်မျိုးမှာ စူးကိုထပ်ပြီး စိတ်အနှောင့်အယှက် မဖြစ်စေချင်။ သူ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမြင်သွားမှာ စိုးထိတ်၏။ စူးကျေနပ်အောင် ဘယ်ကိစ္စမဆို သူ့ဘက်က အလျှော့ပေး လိုက်လျောချင်သည်။

တတ်နိုင်သလောက် စူးပျော်အောင်ထားချင်သည်။

ဒါကတော့ သူ့ဆုံးဖြတ်ချက်။ နိုင်မာသော ဆုံးဖြတ်ချက်ပါ။

ပြတင်းပေါက်ဘေးရပ်နေသော သူ့ကို တစ်အောင့်ကြာသောအခါ မေမေလာခေါ်၏။ နိုင်သန့်ရှင်းက ခေါင်းယမ်းလိုက်သည်။

"သား နားမထောင်ချင်ဘူး မေမေ၊ စူးကြိုက်သလို လုပ်ပါစေ"

မေမေက သူ့ကို နားမလည်နိုင်သလိုပြုံးသည်။

"သားသဘောကို မေမေက သိပါတယ်ကွယ်၊ ဒါပေမယ့် ဒီကိစ္စက အရေးကြီးတယ်လေ၊ သမီးဘေးမှာ သားရှိသင့်တာပေါ့၊ ဘာမဆို သားက ဘေးကနေ ပြောပေးရမယ်၊ လုပ်ပေးရမယ်၊ အမှားအယွင်း မဖြစ်အောင်လေ"





"သမီးက ငယ်သေးတယ်၊ မေမေတို့က ဝင်လုပ်ပေးတော့လည်း သူတို့ဘက်က တစ်မျိုးမြင်မယ်၊ သမီးကို မေမေတို့ကပဲ ရပိုင်ခွင့်တောင်းခိုင်းသလိုလို ဖြစ်သွားနိုင်တယ်"

"ဒါကြောင့် တကယ်ဆိုင်တဲ့သားက အဲဒီမှာ ရှိသင့်တယ်၊ သမီးဘေးမှာ ရှိကိုရှိရမယ်၊ သွားလိုက်ပါဦး"

မေမေ့စကားတွေက သူ့တွေဝေမှုကို ဖျောက်ပစ်နိုင်သည်။

မေမေ့တိုက်တွန်းမှုနှင့် သူ့ဆုံးဖြတ်နိုင်ကာ စူး ဘေးနားကို ရောက်သွားရတော့သည်။

စူးက သူ့ကို မျက်လုံးလေးရွှေကာ ကြည့်၏။

ဦးသန်းမော်က နိုင်သန့်ရှင်းရောက်တော့ နောက်ထပ်တစ်ခေါက် ရှင်းပြ၏။

ထွဋ်၏ ခင်ပွန်းအဖြစ် အသိပေးရမှာ ဝတ္တရားက ရှိပါသည်။

"မြို့လယ်က တိုက်ခန်းနှစ်ခန်းကို ခု လောလောဆယ် လွှဲပေးမယ်တဲ့၊ မိကြီးကတော့ ခင်ခင်ခနဲ့ သမီးထွဋ်နဲ့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပေါ့၊ ပြီးတော့ စာရင်းဇယားတွေလုပ်ပြီးရင် တိတိကျကျ ဖြစ်စေရမယ်တဲ့၊ ပေးချင်ချင် မပေးချင်ချင် ပေးရမှာပဲ၊ ထွင့်မှာ ရပိုင်ခွင့်ရှိတာပဲ၊ မပေးရင် သူတို့အရှက်ရစရာ ဖြစ်မှာပေါ့"

"ဒေါ်မြိုင်မြိုင်ခက နည်းနည်းတစ်မျိုးဖြစ်တာ၊ သူ့အမျိုးသားကြီးက သဘောကောင်းရှာပါသည်၊ ဒီလို အေးအေးဆေးဆေး လာတိုင်ပင်ညှိနှိုင်းတာကို သိပ်ကျေနပ်ပုံပါပဲ၊ အဲဒီတော့ သမီးက ဘယ်လိုဆန္ဒရှိသလဲ"

ထွင့်က နိုင်သန့်ရှင်းကို လှည့်ကြည့်တော ရယ်လိုက်၏။

"ထွင့်ကတော့ ပေးတာယူမှာပဲ၊ ဒါ ထွင့်မိဘရဲ့ အမွေပဲလေ၊ ရသင့်ရထိုက်တာကို ရအောင်လုပ်ပေးတဲ့အတွက် အန်ကယ်တို့ကို ကျေးဇူးအရမ်းတင်ပါတယ်"

ဦးက နှုတ်ခမ်းလေး စေ့ပြုံးမိရှင်း ဒေါ်မြိုင်မြိုင်ခတို့ ဘယ်လောက် ဒေါသဖြစ်လိုက်မလဲဆိုတာ တွေးနေမိသည်။

ထွင့်သာ နိုင်သန့်ရှင်းနှင့် လက်မထပ်ဖြစ်လျှင် သူတို့ ခုလိုပဲ နိုင်ကောင်းကောင်းနှင့် ဆက်ကာဆက်ကာ နိုင်နေဦးမှာပဲ။





"ဟို ဟို ကြီးမြကို သမီးခေါ်ထားချင်ပါတယ်"

"ဒါတော့ သမီး ဖုန်းဆက်ကြည့်ပေါ့"

"ကြီးမြနဲ့သမီးနဲ့ တိုက်ခန်းတစ်ခန်းမှာ အတူတူနေမယ်"

လွှတ်ခနဲ ပြောမိပြီးမှ ထွင့် မျက်လွှာလေးချကာ ငြိမ်သွားရသည်။

နိုင်သန့်ရှင်းဘက်ကို ငဲ့မကြည့်ရဲပေ။ သူ ဘယ်လိုဖြစ်သွားမလဲဆိုတာ တွေးတောင်မတွေးရဲ။

မျက်နှာကြီးအရမ်းပျက်မှာလား။ စိတ်ထိခိုက်သွားမလား။ လူကြီးတွေရှေ့မှာမို့ အနေရခက်သွားမှာတော့ အမှန်ပါ။

ထွင့်ကလည်းနော်။ စိတ်ထဲရှိတာ မအောင့်အည်းနိုင်ဘဲ ထွက်သွားရတာ။

ပြောမိပြီးမှ အားနာမိပါသည်။ ခကယ်သွားနေမှသာ နေရော၊ လူပုံအလယ်မှာ ဒီလို ကြေညာပစ်စရာမလို။

ဆောရီးပဲ ကိုရှင်းရယ်။

စိတ်ထဲက တိုးတိုးကလေးတော့ တောင်းပန်ဘွာခတ်မိပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကြီးမြနှင့်အတူတူ ပျော်ရွှင်စွာနေပြီး ဝါသနာပါသော သီချင်းကိုစွကို အချိန်ပေးကြိုးစားချင်ပါသည်။

ပြင်းထန်သော ရင်ထဲကဆန္ဒကို ထွန်းမှုသိပါသည်။

အခြားဘယ်သူမှ နားလည်ပေးနိုင်မည် မထင်ပါ။

ထိုပိုင်းမှာ ထွန်းက နောက်ထပ်စကား မဆိုတော့ဘဲ တိတ်ဆိတ်နေသည်။

အန်ကယ်ဦးသန်းမော်နှင့် လူကြီးတွေ ပြန်သွားကြတော့ သူက ထွန်းကို တစ်ချက်ပဲကြည့်ကာ ထွက်သွားလေသည်။

ဘာတစ်ခုမှ မေးမြန်းခြင်းမရှိ။ တားမြစ်ကန့်ကွက်ဖို့ဆိုဝေးရော။

သူမတစ်ဦးတည်း ဆိုဖာမှာ ကျန်ရစ်ခဲ့၏။

စိုးရိမ်တကြီး မမေးတာကို ထွန်း အံ့အားသင့်ရပါသည်။ သူမအပေါ် သူ သွေးအေးသွားပြီလား။

သည့်အတွေးက ခေါင်းထဲ ချက်ချင်း ဝင်ရောက်နှိပ်စက်လာသည်။





သူ့ဘက်က သွေးအေးသွားမလားလို့ ဘာကြောင့် စိုးရိမ်တကြီး ဖြစ်ရသလဲ။

သူမ ရှုံးပြီးရင်း ရှုံးနေပါရောလား။ ရင်ထဲမှာ လှိုက်ဟာစွာ အရှုံးကို သတိပြုမိလိုက်၏။

အန်တီ ခင်မမနှင့် ထမင်းစားခန်းမှာ စကားဆိုနေသော သူ့အသံကို ကြားရသည်။ သူတို့ရှိရာမို့ ဝန်လေးသွားရသည်။

သူတို့ ဘယ်လိုထင်ကြမှာလဲ။

ထွန်း သိပ်လွန်သွားပြီ။

ပြောပြီးကတည်းက နောင်တရမိတာပါ။ သူမကိုယ်တိုင်ဆုံးဖြတ်ထားသည့် ကိစ္စဖြစ်ပေမယ့်လည်း အသိပေးဖို့ အင်မတန်ခက်လှပါသည်။ ကြီးမြကိုလည်း အသိမပေးရသေး။ နိုင်သန့်ရှင်းကို သာမဆုံး တိုင်ပင်ရပါဦးမည်။ ခုတော့ သူ့ကို လုံးဝဂရုမစိုက်ရာ ရောက်သွားပါပြီ။

ထွန်းက ပင့်သက်ရှိုက်ပြီး အခန်းထဲ ဝင်လာခဲ့၏။ တိုက်နှင့်ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မှန်တင်ပေါ် တင်ထားလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



ထွန်း မှားသွားသလား ကိုရှင်းရယ်။

အနိုင်နဲ့ပိုင်းတယ်လို့ ထင်မိနေတဲ့စိတ်ကြောင့် ဒီအရိပ်က နေ ထွက်သွားမြချင်တာပါ။

ကယ်တင်ရမယ့် အနေအထားမို့ အရေးလုပ်ပြီး ချစ်ခွင့် မန်စရာ မလိုဘူးလားဟင်။ အဲဒီလို ထင်သလား။

ဒါကိုလည်း မခံနိုင်ပါဘူး။

ကိုရှင်း မတရားဘူးကွာ။

အဲဒါကြောင့် ရှင့်အရိပ်ကနေရအောင် ရုန်းထွက်တော့မယ် ခေါင်းထဲမှာ ဒွိဟတွေများနှင့် ရင်တစ်ခုလုံး ပူလောင်ပြောင်းဆ နေသည်။

အခိုအချိန်မှာ ထွန်းရဲ့ ဆုံးဖြတ်ချက်ကို တခဲနဲ ပျက်ပြ သွားစေနိုင်တာ တစ်ခုပဲရှိတယ်။

အဲဒါကတော့ "ချစ်တယ်" ဆိုတဲ့ စကားတစ်ခွန်းပါ။

× × × ×







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

မှန်တင်ခုံမှာ ဆံပင်ဖြီးနေသော သူမက အခန်းဝမှာ ထင်ဟပ်လာသော သူ့သဏ္ဌာန်ကြောင့် ဖျပ်ခနဲ လှည့်ကြည့်သည်။

သူက အခန်းထဲကို တစ်လှမ်းချင်းဝင်လာ၏။

သူမက မှန်ရှေ့ပြန်လှည့်ကာ ဆံပင်တွေကို ကြိုးစားဖြီးနေမိသည်။

ခွေခွေကောက်ကောက် ဆံပင်တွေ အရှင်းရခက်လှ၏။

သူက ဘေးမှာ ရပ်ကာ လက်ထဲက ဘီးကုတ်လေးကို ဆွဲယူပြီး စိတ်ရှည်ရှည်ဖြီးပေးသည်။ ထွေ့ မငြင်းမိပါ။ ရုန်းဖယ်ခြင်းလည်း မပြုမိ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုလက်ရလာပြီး ဖြီးပေးနေတာကို ဘယ်လိုမှ မငြင်းရက်ပါ။

ရင်ထဲမှာတော့ ရှက်စိတ်ကြောက်စိတ် စိုးထိတ်စိတ်နှင့် ကိုယ်လေးက မတ်မတ်တောင့်တင်းနေသည်။

သူမ ဆံပင်ခွေခွေလိမ်လိမ်လေးတွေကို လက်နှင့် တယုတယ ဝင်တွယ်ပြီး မရရအောင် ဖြီးကြည့်။ ဆံပင်ခွေလေးတွေက ကြိုးစားမှုကို လက်မခံ။ လွှတ်လိုက်တာနှင့် နဂိုအတိုင်း ကောက်ကွေးတွန့်လိမ့်ကုန်သည်။ သူ့နှုတ်ခမ်းတွေမှာ သူပြုံးရိပ် ထင်ဟပ်လာသည်။ သူ့မျက်နှာကို မှန်ထဲက ကြည့်မိပြီး ရောယောင်ပြုံးနေမိပါသည်။

သူက ဘီးကျဲလေးကို မှတ်တင်ခုံပေါ်ချထားပြီး သူမ ပခုံးလေးနှစ်ဖက်ကို ဖိကိုင်ဆုပ်ထားလိုက်၏။

အထိတ်တလန့်နှင့် မှန်ထဲမှာ မျက်လုံးချင်းဆုံမိကြသည်။

"ဟင့်အင်း"

သူ့လက်တွေကို ဖယ်ချပြီး ကြောက်လန့်စွာ ထူပူစွာ ရှက်ရွံ့





စွာ ဝုန်းခနဲရပ်ပြီး ချာခနဲ ကျောခိုင်းမိပါသည်။

"ရှူး"

ခေါသံတိုးတိုးကို သူမ ကြားပါသည်။ သို့ပေမယ့် လှည့်မကြည့်မိပါ။

"မေးစရာရှိတယ်"

သူက သူမဘေးကို လျှောက်လာပြီး ရှေ့တည့်တည့်မှာ ခြေစုံရပ်၏။

"ကြီးမြနဲ့အတူတူ တိုက်ခန်းမှာ သွားနေဖို့ တကယ်ဆုံးဖြတ်ထားပြီးပြီလား"

မျှော်လင့်နေတုန်းက မမေးဘဲ လုံးဝမထင်မှတ်ထားချိန်ကျမှ ဖြန်းခနဲ မေးချလာတော့ ထွင့်က တအံ့တသြလေး ဖြစ်သွားရသည်။

"ဟုတ်တယ်"

တိုတိုတုတ်တုတ်ပဲ ဖြေလိုက်၏။ သည်အကြောင်းအရာကို အကျယ်တဝင့် ဆွေးနွေးပြီး အချိန်မဖြုန်းချင်တော့ပါ။ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



သိထားပြီးသား မဟုတ်လား။

သူက ထွင့်ကို ခပ်ကြာကြာ စိုက်ကြည့်ပြီး စကား တစ်ခွန်းမှ မဆိုတော့ပေ။

ထွင့်ရင်ထဲ မွန်းကျပ်မောဟိုက်လာ၏။ ငိုချင်လာသည်။ ဘာကိုမှန်းမသိ နာကျင်စိတ်ထိခိုက်လာသည်။

"ကြီးမြကို မေးပြီးပြီလား အဆင်ပြေပြီလား"

"အင်း"

"မေမေ့ကိုကော ပြောပြီးပြီလား"

"ဟင့်အင်း"

"ဘာလို့ မပြောသေးတာလဲ၊ မေမေ့ သဘောတူညီမှုလို တယ်လေ"

မျက်လွှာလေး အသာချရင်း နှုတ်ခမ်းကို လျှာနှင့်သပ်မိ သည်။ တစ်ခုခုကို ပြောထွက်ဖို့ ကြိုးစားရတာပါ။

"ကြီးမြနဲ့ အေးအေးဆေးဆေးနေပြီး သီချင်းဆိုဖို့ပဲ ကြိုး စားချင်တယ်"





သူက ထွင့်ကို မမြင်ဖူးသူတစ်ယောက်လို ငေးမောနေ သည်။

ခေါင်းမာလွန်းသော မိုက်မဲလွန်းသော စိတ်ပျက်စရာ ကောင်းသော စိတ်ကူးယဉ်ဆန်သော မိန်းမတစ်ယောက်ဟု သူ တွေးနေပြီလား မသိ။

သူ့ဘက်ကတွေးလျှင် သူ မှန်ကောင်းမှန်ပါလိမ့်မည်။ သည်အရိပ်၏ အေးမြမှု လုံခြုံမှု ကြင်နာမှုကို လျစ်လျူရှုပြီး ထွက် သွားချင်တာကို ရူးသွပ်မိုက်မဲမှု မလိမ္မာမှုလို့ ပြောမယ်ဆိုလည်း ပြောလို့ရပါတယ်လေ။

ဒါပေမယ့် ထွင့်နှလုံးသားထဲက အဲသည်ထက် အဆများ စွာ လောဘကြီးနေတယ်။

သူ့အချစ် သူ့အကြင်နာ သူယုယမြတ်နိုးမှုကို အလွန်အမင်း တောင့်တမက်မောနေမိပြီ။ ဒါကို သူမှ မသိဘဲ။

"ကိုယ့်ဆီက ခွင့်ပြုမိန့်ကိုကော မယူတော့ဘူးလား၊ မတိုင်ပင်တော့ဘူးလား"

ထွင့်က ဆတ်ခနဲ ခေါင်းယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖွဲ့ပ်စုန်းကတော ထွင့် သဘောတူမှုကို ကိုရှင်း ယူခဲ့လို့လား"

နာကျင်ခံခက် မေးမိသည်။

ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်လုပ်ကိုင်သွားမှ သည်ဝေဒနာကို သူလည်း နာလည်းစာနာတတ်ပေမည်။

"အဲဒါ အချိန်မရလို့ပါ"

"အင်း ထွင့်လည်း ဦးသန်းမော်တို့ကို တစ်ခါတည်း လုပ်ပေးဖို့ ပြောမိတာနဲ့ အချိန်မရလိုက်ဘူး၊ တိုင်ပင်ဖို့"

သူ့စကားကိုပဲ နှင်းလျှောက်ပစ်လိုက်သည်။ သူက သက်ပြင်းမော ရှိုက်သည်။

"စူး"

သူ့ခေါ်သံက ဖြတ်သည်။ မာသည်။ အနည်းငယ်လည်း အေးစက်နေသည်။

"ကိုယ့်မှာ တားပိုင်ခွင့်လည်းရှိတယ်၊ ကန့်ကွက်ပိုင်ခွင့်လည်းရှိတယ်၊ ဒီထက် ဒီထက် မင်းကို ကိုယ်လုံးဝ ပိုင်ဆိုင်ခွင့်လည်းရှိတယ်၊ အဲဒါတော့ မင်းမှတ်ထားဝါ"





ခြေသံခုန်းဒုန်းနှင့် လှည့်ထွက်သွားသော သူ့ကို လိုက်ကြည့်နေမိသူက ထွင့်။

ဟုတ်တာပေါ့။ သိပ်ဟုတ်တာပေါ့။

ရှင်ပြောသွားတာတွေအပြင် ရှင့်မှာ ချော့ပိုင်ခွင့် ချစ်ရေးဆိုပိုင်ခွင့်တွေတောင် ရှိပါသေးတယ်။

ဒါတွေကို ရှင်ဘာလို့ မလုပ်တာလဲ။

တားပိုင်ခွင့်ရှိလျက်နဲ့ မတားတာ ထွင့် အသည်းနာဖို့ပါပဲ။ ချော့ပိုင်ခွင့်ရှိလျက်သားနဲ့ မချော့တာ စိတ်ကောက်နေတဲ့ ထွင့်အတွက် တဖြည်းဖြည်း နာကြည်းမှုကို ဖြစ်စေပါတယ်နော်။

ချစ်ရေးဆိုပိုင်ခွင့်ရှိလျက်နဲ့ ဖွင့်မပြောတာ ထွင့်ကို နေမရအောင် နှိပ်စက်နေပါတယ်။

ထွင့်မာနကို ထိပါးစော်ကားနေသလိုပါပဲ ကိုရှင်းရယ်။


ထွင့်ကို ရှင် သိပ်နှိပ်စက်လွန်းပါတယ်။

ထွင့် လိုချင်တာကို နားမလည်ဘူး၊

× × × ×



www.burmeseclassic.com



ဝိုး‌ဝိုး - ၀၁၄၀

www.burmeseclassic.com

## အခန်း (၁၇)

သူမနှင့်အတူတူ အေးအေးဆေးဆေး ပျော်ရွှင်စွာနေရမည့်အတွက် ကြီးမြ သိပ်ကိုကျေနပ်ပျော်ရွှင်နေပါသည်။

ကြီးမြအပြုံးတွေက လတ်ဆတ်ပြီး အားမာန်ပါနေ၏။ ခါတိုင်းလို နွမ်းပျော့ပျော့မဟုတ်တော့လေ။

“ကြီးမြ ဆုတောင်းပြည့်ပြီ၊ သိပ်ဝမ်းသာတာပဲ”

ဟု ထပ်တလဲလဲဆိုသည်။

အန်တီခင်မမက ထွင်နှိုကို လက်လျှော့လိုက်သလို အသာ တလေး ကြည့်နေသည်။

မသွားပါနှင့်ဟု တားရမှာက သား နိုင်သန့်ရှင်း။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး ပြေလည်ဖို့ကသာ ပိုပြီးအရေးကြီးလှသည်။

လှုငယ်နှစ်ဦးကြားမှာ ဝင်မပါဘဲ ဘေးထွက်စောင့်ကြည့်နေတာ အကောင်းဆုံးပါ။ အခြေအနေမဟန်မှဘဲ ဝင်ထိန်းပေးရပါမည်။

တစ်ယောက်ကလည်း ယတိပြတ် ဆုံးဖြတ်ထားသည်။ ကျန်တစ်ယောက်ကလည်း တားမြစ်စကား တစ်ခွန်းမဆို။

မာနချင်း ပြိုင်နေကြတာလား။ စိတ်လုပ်နေကြတာလား မသိနိုင်။ ဘာတွေ ဘယ်လို ဖြစ်လာမလဲဟုသာ စောင့်ကြည့်နေလိုက်၏။

တကယ့်တကယ် သည်ကလေးနှစ်ယောက် ခွဲနိုင်မှာ မဟုတ်တာ ဒေါ်ခင်မမ ယုံကြည်ထားမိလေသည်။ ယုံကြည်နေပေမယ့်လည်း စိတ်တော့အပူသား။

"မနက်ဖြန်မနက် ခြောင်းကြမယ်နော် ကြီးမြ"

"အေးပါကွယ် သမီး သဘောပါ"

ထွန်း ကြီးမြကိုတိုင်ပင်လိုက်တာ မေမေရော နိုင်သန့်ရှင်း





ပါ ကြား၏။

သူမက အသာကလေး မျက်လုံးဝှေ့ကြည့်မိလိုက်ပေမယ့် သူက ကော်ဖီသောက်မပျက်ပါ။ လုံးဝ စိတ်မဝင်စားတော့သလိုလို ဂရုမစိုက်တော့သလိုလို။

ကြာလေကြာလေ မုန်းလာလေပါပဲ။ စိတ်ထဲ ခါးတူးလာ၏။

"ဒီတစ်ရက်တော့ ကြီးမြ ထွန်းအခန်းမှာပဲ နေလိုက်ပေါ့"

"မဟုတ်တာ သစ်သပ်တစ်ခန်း လုပ်ပေးမှာပေါ့ သမီးရယ်"

ဒေါ်ခင်မမက လိုအပ်တာဖြည့်စွက်ပြောသည်။ သူမက သဘောတူသလို ခေါင်းညိတ်ပြမိသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com




ဒိုးဒိုး - ထဝေပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မျက်နှာကြက်ကို စိုက်ကြည့်နေမိလျက်က သူမ တော်တော်နှင့် အိပ်မရပါ။

ညဥ့်နက်နေပေမယ့် မျက်လုံးတွေ ကျယ်နေသည်။

ခေါင်းထဲမှာ တစ်ခုပြီးတစ်ခု စဉ်းစားနေမိသည်။

မနက်မိုးလင်းလျှင် တိုက်ခန်းလေးကို ပြောင်းရွှေ့သွားမည်။

ဟိုရောက်တာနှင့် တစ်ပြိုင်နက် ကိစ္စအဝဝသည် သူမပခုံးပေါ် အလိုလိုတာဝန်ရှိလာလိမ့်မည်။

သူမက လျှောက်ကြီးနေရာ အလိုလိုရောက်ကာ အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ဖြေရှင်းရပါမည်။

ထွင့် လုပ်နေတာတွေ မှန်ပါရဲ့လား။

ပြန်ဆန်းစစ်ကြည့်မိသည်။ စိတ်ထဲမှာ တစ်ခုခုကို တွေးကြောက် စိုးရိမ်နေသည်။

ထိုအရာက ဘာပါလိမ့်။

သူမ တစ်ယောက်တည်း ဘဝကို မရပ်တည်ရဲတာလား။

ဒါဆို မသိစိတ်ထဲမှာ ဘယ်သူ့ကိုများ လုံးလုံးလျားလျား အားကိုးမှီတွယ်နေခဲ့သလဲ။

ကြာကြာစဉ်းစားစရာပင် မလိုပါ။

နိုင်သန့်ရှင်းကို သူမ အလွန်တရာ အားကိုးမှီတွယ်နေမိသည်ပဲ။

တစ်ယောက်တည်းရင်ဆိုင်ရတော့မည်ဆိုသောအခါ ရင်ထဲ ဘာမှမရှိလောက်အောင် လစ်ဟာကျသွားရသည်။

မနေ့တစ်နေ့က မာနနှင့် ယတို့ပြတ် ဆုံးဖြတ်ထားတာကို အဲဒီနေ့မှာပဲ တွေဝေနေခဲ့ပြီ။





သည်နေ့တော့ နောင်တရလာသည်။

နောင် သုံးလေးငါးရက်နေလျှင် ဘာတွေဖြစ်လာမလဲ။

တစ်ယောက်တည်း မနေတတ်ဘဲ ထိုင်ငိုနေမိမှာလား။ အဲဒီ အချိန်ကျမှ သည်အိမ်ကို ဘယ်လိုအင်အားသတ္တိနဲ့ ပြန်လာရဲမှာလဲ။

ထွင့် ဝုန်းခနဲ ထထိုင်မိသည်။

အရမ်းလန့်သွားမိပါသည်။

ဟိုးရင်ထဲက နက်ရှိုင်းလွန်းသည့် အတွင်းစိတ်က ဘွားခနဲ ပေါ်လာသည်။

ဆံပင်တွေကို လက်နှင့်သိမ်ကာ ပင့်သက်ရှိုက်မိသည်။

လက်ရှိအနေအထားမှာတင် ထွင့်ခြေလှမ်းတွေ ရှေ့ဆက်ဖို့ထက် နောက်ဆုတ်ဖို့သာ စဉ်းစားနေတာ။

ထွင့် ဘာလုပ်ရမလဲ။

ရင်ထဲ ပူလိုက်လာတာမို့ ရေတစ်ခွက် ထသောက်သည်။

စဉ်းစားပြင်ဆင်ခွင့် ဒီတစ်ညပဲရှိသည်။

ပြတင်းပေါက်ဘေးနားရပ်ကာ မျက်ရည်ပူတွေ ပါးပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ လိမ့်ဆင်းကျလာသည်။

ထွန်း သိပါပြီ ကိုရှင်းရယ်။

တိုးသက်သော ဂီတသံနှင့် သီချင်းသံက ဖုံလွှင့်လာ၏။

မျက်ရည်တွေ သုတ်ပစ်မိသည်။

ကိုရှင်းလည်း မအိပ်သေးပါလား။

သူလည်း အိပ်မပျော်ဘူး ထင်ပါရဲ့။

သူ့သီချင်းသံက ဆွေးမြည့်ကြေကွဲနေသည်။

တောင်းပန်ခယနေသည်။

ထွန်းကို ချော့နေသလားကိုရှင်းရယ်။

ဂီတကို ထူးကဲစွာ ခံစားတတ်တဲ့ နှလုံးသားကို သီချင်းသံနဲ့ သိမ်းပိုက်အနိုင်ယူတော့မှာလား။

နှလုံးသားရဲ့ ဆန္ဒအမှန်ကို နားလည်သိမြင်ခဲ့တာပါ။

ဘဝမှာ မေတ္တာဆိုတဲ့အရာကို ရှင်တစ်ယောက်တည်းဒီကနေ ရယူဖူးတဲ့ မိန်းမတစ်ယောက်ပါ။

ဒါကို ဘယ်လိုကျောခိုင်းနိုင်မှာတဲ့လဲဟင်။

ရှုံးပါစေတော့။





ရှင့်ခြေရင်းမှာ ထွန်းနှလုံးသားလေး ပြားပြားဝပ် ကြွေဆင်းနေပါစေလေ။

ဒါကို ထွန်း ကျေနပ်ပါတယ်။

ဘာလို့လည်းဆိုတော့

ရှင့်ကို ထွန်း ချစ်တယ်။

အိပ်ရာပေါ် ပြန်တက်ကာ ခွေခွေလေး ငြိမ်သက်နေမိသည်။

မျက်ရည်တွေက ပါးပြင်ပေါ် စီးကျနေပေမယ့် ရင်ထဲမှာ နာကျင်မှု အလျှင်းမရှိတော့ပေ။

သူမ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်လိုက်ပါပြီ။

နေပူထဲ ထွက်မကြည့်ဘဲနှင့် အရိပ်၏ အေးမြခြင်းတန်ဖိုးကို သိနေပါပြီ။

ခြောက်သွေ့တဲ့ ကန္တာရခရီးကြမ်းကို ဖြတ်သန်းကြီးပြင်းခဲ့ရသူပါကွယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



မိုးမိုး - ၀၃၆၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

မနက်အစောကြီး တံခါးလာခေါက်သော ထွဋ်ကို ကြီးမြကဆီးကြိုနေသည်။

"ကြီးမြ"

"ဘာလဲ သမီး ပြောလေ"

ထွဋ်ပုံစံလေးက အရေးတကြီး တစ်ခုခု ဆိုချင်နေဟန်ရှိသည်။

"ထွဋ်တို့တိုက်ခန်းမပြောင်းတော့ဘူး၊ ဒီမှာပဲ နေမယ်နော်၊ ကြီးမြ ထွဋ်နဲ့အတူတူနေပါနော်"

သူမတောင်းဆိုမှုကလေးကို ကြီးမြက သဘောကျစွာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။

ပြီးမှ အနေခက်နေသော ထွန့်ကို

"နေမှာပေါ့၊ ကြီးမြကသမီးနဲ့အတူတူ တစ်သက်လုံး နေမှာပါ"

ဟု ဆိုသည်။

ထွန့် ပေါ့ပါးလန်းဆန်းသွားရသည်။ စိတ်အေးသွားပြီးမို့ ခေါင်းတွေက တဆစ်ဆစ်ကိုက်လာ၏။

ညက တော်တော်နှင့် အိပ်မပျော်ခဲ့တာရော၊ ငိုရှိုက်နေခဲ့တာရော။ ခုတော့ ခေါင်းကိုက်ရပါပြီ။

"သမီး ကော်ဖီသောက်ချင်တယ် ကြီးမြ၊ ခေါင်းအရမ်း ကိုက်တယ်"

"အေး အေး ဖျော်ပေးမယ်"

သူမ အခန်းရှိရာပြန်လာခဲ့၏။

အိပ်ရာထဲလှဲနေသော်လည်း ခေါင်းကိုက်က မသက်သာ။ အန်ချင်သလိုတောင် ဖြစ်လာသည်။





ဆက်ပြီးလက်သည်းမခံနိုင်တော့ဘဲ ထွန့် နိုင်သန့်ရှင်းအခန်းရှိရာ ထွက်လာခဲ့သည်။

တကယ်တမ်း အရေးကြုံလျှင် သူ့ကိုပဲ ထွန့်က အားကိုးအလိုရှိပါသည်။

ထွန့်အတွက် သူသာ အစိုးရိမ်ဆုံး စိတ်အပူဆုံး ဖြစ်လိမ့်မည်ဟု ယုံကြည်မိကာ မျှော်လာခဲ့တော့အောင် ဂရုတစိုက်ရှိမှာကိုလည်း သိနေပြန်သည်။

ဒါနဲ့များ ထွန့်ရယ်ဟု ကိုယ့်ကိုယ်ကို ဒေါပွနေမိလေသည်။ အခန်းတံခါးရှေ့ရပ်ပြီးမှ ခေါက်ရမှာ မဝံ့မရဲရှိသည်။

အရဲစွန့်ကာ ဖွဖွထုတော့ ချက်ချင်းပဲ တံခါးဖွင့်သံကြားရ၏။

သူနိုးနေပြီပဲ။

"မာင်"

သူက အံ့သြသလို မျက်ခုံးမြင့်တက်သွားသည်။

"ထွန့် ခေါင်းအရမ်းကိုက်နေတယ်၊ နေလို့ကို မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်လား၊ ခု ကိုက်တာလား"

"အင်း စောစောကမှ"

နိုင်သန့်ရှင်းက ထွင့်ကို အကဲခတ်လိုက်၏။

"ညက မအိပ်ဘူးလား၊ ငိုထားတာ မျက်လုံးတွေ အစ်နေပါလား၊ ဘာလို့ စိတ်ဆင်းရဲခံနေရတာလဲ၊ ကိုယ့်ဒုက္ခကိုယ်ရှာနေတာလား၊ ငိုမှတော့ ခေါင်းကိုက်မှာပေါ့"

ဆူသလိုလို ပေါက်သလိုလိုတော့ ထွင့် မျက်နှာညှိုးချင်သည်။

"လောလောဆယ် ရှူဆေးရှာပေးမယ်၊ ဆေးသောက်၊ ပလတ်စတာကပ်၊ ဒါပဲရှိတာပဲ၊ လာ"

ထွင့် လက်ဖျားလေးကိုဆွဲခေါ်ပြီး ခုံမှာထိုင်စေသည်။ စာကြည့်စားပွဲအံဆွဲထဲက ရှူဆေးဗူးလေး ရှာပေး၏။

"ခံနိုင်ရည်နည်းလိုက်တာ၊ မျက်နှာပျက်နေတာပဲ၊ ဒါဘောင် အမိကတစ်ယောက်တည်း နေချင်သေးတယ် ဟုတ်လား။ ဖြစ်ပါ့မလားလို့ နည်းနည်းစဉ်းစားပါလားဟင်"





ဆေးပုလင်းလေးတွေ တစ်ခုကောက်ယူကြည့်လိုက်။ ပြန်ချလိုက်နှင့် ထွင့်ကိုလည်း တဖွဖွ အပြစ်တင်နေသည်။

"ဒီမှာမှ မပျော်တာ"

"ဘာ"

"မပျော်ဘူးလို့ပြောတာ၊ ရှင်မှ ပျော်အောင်မထားဘဲ"

ပုပုလုံးလုံး ဆေးပုလင်းလေးကို အဖုံးဖွင့်နေရင်းကနေ နိုင်သန့်ရှင်းက လှမ်းကြည့်လေသည်။

"ကပြမယ်၊ တစ်နေ့နှစ်ကြိမ်ကပြမယ်၊ ပျော်အောင်လို့"

ရွှဲစောင်းပြောပုံလေးက ရယ်ချင်စရာ။

ခေါင်းကိုက်ပြယ်ချင်သယောင်ယောင် ဖြစ်ရသည်။

သူက ထွင့်ကို ရေတစ်ခွက်နှင့် ဆေးလုံးကလေးတစ်လုံး လှမ်းပေးပါသည်။

"ငိုတုန်းကငိုပြီး ခေါင်းကိုက်တော့မှ ဟိုလူနှိုး ဒီလူနှိုးနဲ့"

ပလတ်စတာလေးနှစ်ခုကို ညီညီမျှမျှဖြတ်ကာ နားထင်ရင်းမှာ လာကပ်ပေးတာမို့ ထွင့် ငြိမ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေရင် သက်သာသွားမှာပါ"

"မသက်သာရင်ကော"

ကမ်းသတ်မေးရတာ သူမ ပျော်ပါသည်။

"မသက်သာရင် ဦးဖူမန်းမှုတ်ပေးမယ်"

အံဆွဲကို ဝုန်းခနဲပိတ်ပစ်ပြီး ဘာကိုဒေါသဖြစ်မှန်းမသိ ရှိနေသော သူ့ကို သူမကတော့ ရယ်ချင်စိတ်နှင့်ပဲ ရှိနေသည်။

"ကြီးမြကို ကော်ဖီသောက်မယ်လို့ ပြောခဲ့တယ်"

"ကြီးမြ နိုးပြီလား"

"အင်း ထွန်း သွားနှိုးလိုက်တာ"

"ကောင်းတယ်၊ မေမေတို့ဖေဖေတို့ကော မနိုးဘူးလား"

အဖြစ်သည်းလိုက်တာဟု ဆိုချင်သည့်ဟန်။

"မသက်သာရင် နိုးမှာပဲ"

"နိုး နိုး ကိုယ်တော့ ပြန်အိပ်တော့မယ်"

နိုင်သန့်ရှင်းက ခုတင်ရှိရာ ပြန်လျှောက်သွားသည်။

"တစ်ယောက်တည်းနေဖို့ ဆုံးဖြတ်ထားရင်း ခေါင်းကိုက်





တဲ့အခါ ဘယ်သူဆေးတိုက်မလဲ၊ ဘယ်သူ့ကိုနိုးပြီး ပြောမလဲဆို တာပါ ထည့်စဉ်းစား"

အကြံပေးသလိုလို၊ အငေါ်တူးသလိုလို ရေရွတ်ပြီး အိပ်ရာ ပေါ် လှဲချလေသည်။

"မိုးလင်းနေပြီလေ၊ ဘာလို့ပြန်အိပ်မှာလဲ"

"လင်းလင်း၊ အိပ်ရေးမဝသေးဘူး"

ထွန်း နှုတ်ခမ်းစူမိပါသည်။

"ခေါင်းကိုက်တယ်ဆို သွားပြန်အိပ်ပေါ့၊ အိပ်ရေးဝရင် သက်သာသွားမှာပါ"

သူကပဲ တိုက်တွန်းနေသည်။ သူမ ခေါင်းညိတ်လိုက်၏။

နာခံရပါမည်။ သည်နေ့ကစပြီး သူမက သူ့ကို ခင်ပွန်း တစ်ယောက်အဖြစ် ပိုင်နိုင်စွာ သတ်မှတ်ခဲ့ပြီမို့ သူ့စကားကို တစ်သွေမတိမ်း နားထောင်ရပါသည်။

သူ့အခန်းထဲက ပြန်ထွက်လာပြီး တံခါးလေးစေ့ထားပေး ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြရှိရာ ထမင်းစားခန်းကို ထွက်လာမိပါသည်။

ထွင့်ရယ် ရှေ့ဆက် ဘာတွေဖြစ်လာမလဲကွယ်။

ရင်လေးစွာ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိသည်။

ချောဖို့လည်းမသိ။ ချစ်ဖို့လည်းမသိသော လူတစ်ယောက်ကို ချစ်ရတာ ခင်ပွန်းတော်ထားရသောထွင့် ကံတရားကို နားမလည်ချင်တော့ပါ။

ခေါင်းငုံ့ချရင်း တစ်ယောက်တည်း ပြုံးနေဖြစ်ပါသည်။

မတွေ့နုပ်ခြင်းတွေလည်း ရင်ထဲမှာ မရှိတော့ပါ ား။

ညကျရင် သီချင်းဆိုပြီး ချော့စရာလည်း မလိုတော့ပါဘူး။

ထွင့် စိတ်ပြေပါပြီ။

နားထင်မှာ လာကပ်ထားသော ပလပ်စတာလေးကို လက်နှင့်စမ်းကြည့်ပြီး ရင်ထဲမှာ ပူနွေးလိုက်ဖို့မှ တုန်ယင်လာရလေသည်။

နောက်အကျက ခြေသံတဖျပ်ဖျပ်ကြောင့် ထွင့် ခြေလှမ်းတွေ ရုတ်တရက် ရပ်တန့်သွားရသည်။





လှည့်ကြည့်စရာလည်း လိုမယ်မထင်ပါဘူး။

သည်ခြေသံဟာ ထွင့်၏တစ်ဦးတည်းသော ချစ်သူကလေး၏ ခြေသံပါပဲ အတပ်သိလိုက်သည်။

နောက်ကနေ ခါးလေးကို လှမ်းဖက်လိုက်သော သူ့လက်တွေကို ဆုပ်ကိုင်ကာ သူမ ခေါင်းမော့ရယ်မိသည်။

တွေ့နုပ်ခြင်းတွေ နှလုံးသားထဲ စိမ့်ပုံ့လာလေသတည်း။

ဝန်းသီခိုင်



www.burmeseclassic.com